ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (11-7-2003) (၃၉၂၈)

ခန္တီ စ တော် မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

မွန်ဂိုးလီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၃ခုနှစ် ဇူလိုင် ၁၁ရက်၌ ကျရောက်သော မွန်ဂိုးလီးယားနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုးလီးယားနိုင်ငံသမ္မတ နာဆာဂျင် ဘာဂါဘမ်ဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ညောင်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဝါဆိုသင်္ကန်းဆက်ကပ်
ပုဂံရှေးဟောင်းယဉ်ကျေးမှုလက်ရာများ စနစ်တကျ ထိန်းသိမ်းရေးနှင့် ပျူခေတ်သမိုင်းသုတေသနပြုရေးမှာကြား

ရန်ကုန် ဇူလိုင် ၁၀

မန္တလေးတိုင်း ညောင်ဦးမြို့ အောင်မြေဗောဓိမဏ္ဍိုင်ရှိသော အလိုတော်ပြည့်ကျောင်းတိုက်မှ ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ အလိုတော်ပြည့်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသအမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အလှူရှင်မိသားစုများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ငါးပါးသီလခံယူ

ယင်းနောက် ရန်ကုန်ဓမ္မာစရိယတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသထံမှ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၉ ရက်က ပထမမြန်မာနိုင်ငံ တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ အဓိက ပုဂံနန်းတော်ရာ တူးဖော်မှုလုပ်ငန်းခွင်တွင် ပုဂံခေတ် ရှေးဟောင်းဘုရားများပြုပြင်ထိန်းသိမ်းရာမှ တွေ့ရှိရသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ပုဂံ အနော်ရထာမင်း နန်းတော်ရာဟောင်းတူးဖော်ရာမှ တွေ့ရှိရသော ရှေးဟောင်း အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရေပေါ်ရေတင်စက်ရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၉ ရက်က ညောင်ဦးခရိုင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေါ် ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၁-၇-၂၀၀၃
(သောကြာနေ့)

လမ်းသစ်၊တံတားသစ်များ တိုးမြှင့်တည်ဆောက်နိုင်မှု စီးပွားရေး၊ လူမှုရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို တိုးတက်ဖြစ်ပေါ်စေပေသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့ခြင်းကြောင့် ကုန်သွယ်စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာပြီး ဒေသ၏ စီးပွားရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ထို့အပြင် နယ်မြေဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်သွားလာမှုကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားလာပြီး တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုရရှိလာမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားလာမည်ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပြည်နယ်၊ တိုင်း နယ်မြေဒေသများအလိုက် ရေကြော၊ မြေကြော ဆက်စပ်လာပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး အစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က လမ်းနှင့်တံတားများကို ငွေကျပ်သန်းပေါင်း ၇၉၃၉၄သန်းနှင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၀၇သန်း အကုန်အကျခံပြီး တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းမိုင် ၁၃၆၃၅ မိုင်သာရှိခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ယခုအထိ လမ်းမိုင်စုစုပေါင်း ၄၄၇၇ မိုင် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်တစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ပေါင်းစည်း ဆက်သွယ်မိစေရန် မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့သည်။ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းနှင့်အတူ မြစ်ကူးတံတားကြီးများကိုပါ တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့၌ ၁၉၈၈ ခုနှစ်မတိုင်မီက တံတားကြီးလေးစင်းသာရှိခဲ့ပြီး ယခုအခါ မြစ်ကူးတံတားကြီးပေါင်း ၁၃ စင်းကို ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ ဒေသစီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် တံတားပေါင်းများစွာကိုလည်း ဆက်လက်တည်ဆောက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ ဒါးကမြစ်ကူး ဒါးကတံတားသစ်ကြီးကို ဇူလိုင်လ ၆ ရက်နေ့က ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဒါးကတံတားအပါအဝင် တံတားပေါင်း ၁၅၇ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီး ငါးစင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားကြီး သုံးစင်းနှင့် ပေါင်းစပ်လျှင် တံတားကြီးပေါင်း ၁၆၅ စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ဒါးကတံတားသစ်ကြီးကို အသုံးပြု၍ ရန်ကုန်-ပုသိမ်လမ်းကြောင်း၊ ပုသိမ်-ရေကြည်-ဟင်္သာတလမ်းကြောင်း အတိုင်း မော်တော်ယာဉ်များ မြန်မြန်ဆန်ဆန် သွားလာနိုင်ကြပြီ ဖြစ်သည်။ ဧရာဝတီတိုင်းသည် မိုးစပါးနှင့် နွေစပါးများ အများဆုံးတိုးချဲ့စိုက်ပျိုးသောတိုင်းဖြစ်ပြီး နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့်အမျှ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်ဖွံ့ဖြိုးလာမည် ဖြစ်သည်။

ယခုအခါ လမ်းသစ်၊ တံတားသစ်များစွာ တည်ဆောက်ဖွင့်လှစ်လာနိုင်သည့်အတွက် ဧရာဝတီတိုင်း၏ ရေသယံဇာတ၊ မြေသယံဇာတများကို အပြည့်အဝဖော်ထုတ်အသုံးချပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုလျက် ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်း နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဆက်စပ် ဖွံ့ဖြိုးလာရေးအတွက် လမ်းသစ်နှင့် တံတားသစ်များကို ဒေသလိုအပ်ချက်နှင့်အညီ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာ သက်ဆိုင်ရာဒေသများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်လာမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်သို့ ပါကစ္စတန်တပ်သားများစေလွှတ်ရေး မဆုံးဖြတ်ရသေး အိုင်စီအို၏သဘောထားရယူပြီးမှ ဆုံးဖြတ်မည်ဟုပြောကြား

အစ္စလမ္မာဘတ် ဇူလိုင် ၁၀

ပါကစ္စတန်နိုင်ငံက အီရတ်နိုင်ငံသို့ တပ်သားများစေလွှတ်ရန် ဆုံးဖြတ်ချက်များမရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အစ္စလမ္မစ်ညီလာခံအဖွဲ့ (အိုင်စီအို)၏ သဘောထားကိုရယူပြီးမှ ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ရောင်းစီကန်ဒါအစ်ဘယ်၏ ထုတ်ဖော်ပြောကြားချက်ကို ပါကစ္စတန်သတင်းဌာနက ဖော်ပြလိုက်သည်။

အစ်ဘယ်သည် ပါကစ္စတန် မွတ်စလင်အဖွဲ့နှင့် ၎င်း၏ မိတ်ဖက်ပါတီများ၏ ပူးတွဲပါလီမန် ပါတီအစည်းအဝေး မတက်ရောက်မီ အီရတ်နိုင်ငံသို့ ပါကစ္စတန်နိုင်ငံက တပ်ဖွဲ့နှစ်ဖွဲ့စေလွှတ်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ တောင်းဆိုချက်အပေါ် ပြန်ကြားစဉ် ဖော်ပြပါအတိုင်း တနင်္လာနေ့က ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

အီရတ်နိုင်ငံသို့ ပါကစ္စတန်နိုင်ငံမှ တပ်ဖွဲ့များစေလွှတ်ရေး ဆုံးဖြတ်ချက်မရှိသေးသည်မှာ အထင်အရှားဖြစ်သော်လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ တပ်ဖွဲ့များစေလွှတ်ရန် အလားအလာရှိကြောင်း ၎င်းကပြောကြားသည်။

ဖော်ပြပါတပ်ဖွဲ့များစေလွှတ်ရေးဆိုင်ရာ နောက်ဆုံး ဆုံးဖြတ်ချက် မချမှတ်ရသေးမီ မိမိတို့အနေဖြင့် အိုင်စီအိုနှင့် အခြားအစ္စလမ္မစ်နိုင်ငံများထံ ချဉ်းကပ်ရဦးမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းဆုံးဖြတ်ချက်သည် လွန်စွာအရေးပါသည့် ဆုံးဖြတ်ချက်ဖြစ်ပြီး မိမိတို့အနေဖြင့် ညီအစ်ကိုတော်နိုင်ငံများ၏ သဘောတူညီချက်မရရှိဘဲ မဆောင်ရွက်နိုင်သောကြောင့်ဖြစ်ကြောင်း စီကန်ဒါအစ်ဘယ်က ပြောကြားသည်။

အီရတ်နိုင်ငံသို့ စေလွှတ်မည့်တပ်ဖွဲ့များ၏တာဝန်မှာ ညီအစ်ကိုတော် အီရတ်ပြည်သူလူထု၏ အကျိုးကိုဆောင်ရွက်ရန်နှင့် ကူညီပံ့ပိုးရန်ဖြစ်သည်မှာ ထင်ရှားလှကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ ၎င်းအား အတိုက်အခံပါတီများက နျူကလီးယားအစီအစဉ် ပြန်လည်ထုတ်လုပ်မည်ဟု စွပ်စွဲချက်နှင့်ပတ်သက်၍ မေးမြန်းရာ ၎င်းက ယင်းကိစ္စမှာ လုံးဝမဟုတ်မှန်ကြောင်း၊ နျူကလီးယားထုတ်လုပ်မှုအစီအစဉ်နှင့် တပ်ဖွဲ့စေလွှတ်ရေးသည် သက်ဆိုင်မှုမရှိကြောင်း စီကန်ဒါအစ်ဘယ်က ပြောကြားသည်။

ဖော်ပြပါစွပ်စွဲချက်မှာ အခြေအမြစ်မရှိကြောင်း၊ မလိုလားသူများ၏ ခိုင်မာမှုမရှိသည့် ဝါဒဖြန့်မှုသာဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက်များချုပ်ဆိုရေး အင်ဒိုနီးရှားနိုင်ငံ အင်တိုက်အားတိုက် ကျင်းပမည်

ဂျကာတာ ဇူလိုင် ၉

အင်ဒိုနီးရှားအစိုးရသည် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်များ (အက်ဖ်တီအေ)ချုပ်ဆိုနိုင်ရေးအတွက် ဂျပန်၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့နှင့် နှစ်နိုင်ငံချင်းအလိုက် ဆွေးနွေးပွဲများကို အင်တိုက်အားတိုက် ကျင်းပသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဝါရင့်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါ ငါးနိုင်ငံမှ ဝယ်ယူသူများအား အင်ဒိုနီးရှားနိုင်ငံမှ ၎င်းတို့၏အမှာစာများ အခြားနိုင်ငံများသို့ ပြောင်းရွှေ့သွားမည့်အရေးမှ ကြိုတင်ဟန့်တားရန် ရည်ရွယ်လျက် ယင်းဆွေးနွေးပွဲများကို အပြင်းအထန်ပြုလုပ်သွားမည်ဟု အင်ဒိုနီးရှားစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဌာနခွဲ ညွှန်ကြားရေးမှူး ထရီမာဂျိုကိုက ပြောကြားသည်။

စီစဉ်ထားသည့် လွတ်လပ်သော ကုန်သွယ်ရေး အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ၏ ဈေးကွက်ကို ကုန်သွယ်ဘက်နိုင်ငံများမှ ကုန်စည်များအတွက် အပြည့်အဝ လမ်းဖွင့်လှစ်ပေးရမည်ဖြစ်သည်။ လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီချက်များတွင်ပါဝင်သည့် နိုင်ငံများကို ၎င်းတို့၏ ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်ကို လျှော့ချရမည်ဖြစ်သည့်အတွက် ၎င်းတို့၏ ကုန်ပစ္စည်းများမှာ ဈေးနှုန်းပိုမိုချိုသာလာစေသည်။

ယခုအချိန်ထိ အင်ဒိုနီးရှားနိုင်ငံသည် အာဆီယံလွတ်လပ်သည့် ကုန်သွယ်ရေးဒေသ(အက်ဖ်တာ) အစီအစဉ်အရ အာဆီယံ အသင်းဝင်နိုင်ငံများနှင့်သာ အက်ဖ်တီအေကို ချုပ်ဆိုထားသေးသည်။

အာဆီယံတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ ပါဝင်ကြသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကင်းလှည့်စောင့်ကြပ်

ဘဂ္ဂဒက်မြို့တွင် စစ်သုံးယာဉ်များဖြင့် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားများအား ဇူလိုင် ၉ရက်တွင် မြင်တွေ့ရစဉ်။ [ဧပြီ ၉ရက်တွင် ဆက်ဒမ်ဟူစိန်ပြုတ်ကျခဲ့ပြီးနောက် သုံးလကြာမြင့်ခဲ့သည့်တိုင်အောင် အမေရိကန်တို့အနေဖြင့် အီရတ်တွင် ရှုပ်ထွေးနက်နဲသည့် လုံခြုံရေးပြဿနာများကို ရင်ဆိုင်နေရဆဲဖြစ်သည်။] **(ဓာတ်ပုံ-အင်တာနက်)**

နိုင်ငံတကာ သတင်းများ

အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်ခံရမှုသတင်း အမှတ် (၁၅၆) ဆက်သွယ်ရေးတပ် မိသားစုများစိုးထိတ်

ဝါရှင်တန် ဇူလိုင် ၉

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်ခံရသောသတင်းများသည် နာရီနှင့်အမျှ ဝင်လာနေသည်။ ဗုဒ္ဓဟူးနေ့တွင်လည်း အမေရိကန်စစ်သည် ခုနစ်ဦး ဒဏ်ရာရသွားသော သတင်းဝင်လာသည်။

ထိုသတင်းများကြောင့် အမှတ်(၁၅၆)ဆက်သွယ်ရေးတပ်မှ မိသားစုများသည် စိုးရိမ်ထိတ်လန့်လျက်ရှိသည်။ ထိုတပ်သည် အမေရိကန်နိုင်ငံ ကာလာမာဇိုတွင် ရုံးစိုက်သည်။ ဒဏ်ရာရသူများထဲတွင် ထိုတပ်ရင်းမှ တစ်ဦးတစ်ယောက်မျှ မပါချေ။ စစ်သည်များထံမှ ကွန်ပျူတာအီးမေးဖြင့်ပို့သောစာများနှင့် ဓာတ်ပုံများကို ရရှိကြသဖြင့် စိတ်သက်သာရာ ရကြသည်ဟုဆိုသည်။ အီရတ်တွင် အန္တရာယ်ကိုကြိုပြီး မမြင်နိုင်။ ဖုံးကွယ်နေသည်။ ထိုအချက်က ကျွန်မတို့ကို ခြောက်လှန့်နေသည်။ အထိအခိုက် သတင်းကြားရတိုင်း ထိတ်လန့်သွားရပြီး ကိုယ့်လင်သားမဖြစ်ပါစေနှင့်ဟု ဆုတောင်းမိကြောင်း အမှတ်(၁၅၆) ဆက်သွယ်ရေးတပ်မှ စစ်သည်တစ်ဦး၏ ဇနီးက ပြောကြားသည်။ ထိုအမျိုးသမီးမှာ တပ်ကြပ်ကြီး လာတန်ဇာရူကာ ဖြစ်သည်။

အမှတ်(၁၅၆) ဆက်သွယ်ရေးတပ်ရင်းမှ စစ်သည်များသည် အီရတ်နိုင်ငံအနှံ့ သွားလာနေပြီး အီရတ်ရှိ အမေရိကန်တပ်များ အချင်းချင်း ဆက်သွယ်ပေးသည့် တာဝန်ကို ထမ်းဆောင်နေသော တပ်ဖွဲ့ဖြစ်သည်။

အင်တာနက်။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်လက်နက်ကိစ္စ ဗြိတိန်အစိုးရအား ပါလီမန် ဝေဖန်

လန်ဒန် ဇူလိုင် ၉

ဝန်ကြီးချုပ် တိုနီဘလဲ၏အစိုးရသည် အီရတ်လက်နက် အစီအစဉ်နှင့်စပ်လျဉ်းသည့် ထောက်လှမ်းရေး အချက်အလက်များကို ကိုင်တွယ်အသုံးပြုရာတွင် ကျွမ်းကျင်မှုမရှိကြောင်း ဗြိတိန်ပါလီမန်ကော်မတီက တနင်္လာနေ့တွင် သုံးသပ်ကြေညာလိုက်သည်။

သို့သော် ဝန်ကြီးချုပ် တိုနီဘလဲသည် လည်းကောင်း၊ သို့မဟုတ် ၎င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် လည်းကောင်း ဗြိတိန်အမတ်များကို မှားယွင်းစွာသိရှိတွေးခေါ်စေရန် တမင်ဆောင်ရွက်သည့် သက်သေခံအထောက်အထား မတွေ့ရကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ထို့ပြင် ထောက်လှမ်းရေးမှတ်တမ်းတွင် ထောက်လှမ်းရေးအေဂျင်စီများ၏ဆန္ဒနှင့်ဆန့်ကျင်ပြီး မခိုင်လုံသော သတင်းအချက်အလက်များကို ထည့်သွင်းသည်ဟူသော ဝန်ကြီးချုပ်၏ ဆက်သွယ်ရေးအကြီးအကဲအပေါ် စွပ်စွဲချက်များကိုလည်း ဗြိတိန်ပါလီမန်ကော်မတီက ပယ်ပလိုက်သည်။

ဘီဘီစီသတင်းကြောင့် ပေါ်ပေါက်လာရသည့် ဤစွပ်စွဲချက်များကြောင့် ဘီဘီစီနှင့်ဗြိတိန်အစိုးရအကြား ဆက်ဆံရေး ပျက်ပြားခဲ့ရသည်။ သို့သော် ဝေဖန်ဖော်ပြသည့် ပါလီမန်ကော်မတီ အစီရင်ခံချက်ကြောင့် အီရတ်၏ အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ၏ ယုံကြည်လက်ခံနိုင်သော သဲလွန်စအထောက်အထားရှာရန် ဗြိတိန်အစိုးရအပေါ် နောက်ထပ် ဖိအားပေးသကဲ့သို့ ရှိသည်။ ထိုအထောက်အထား မပြနိုင်လျှင် ဗြိတိန်ထောက်လှမ်းရေးမှတ်တမ်းမှာ သံသယဖြစ်စရာဖြစ်နေဦးမည်ဟု ကော်မတီက ပြောဆိုသည်။ ***အင်တာနက်။***

ဇူလိုင် ၉ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့အနီးတွင် ကားစစ်ဆေးရေးစခန်း၌ အမေရိကန်တပ်သားများက ယာဉ်များကို စစ်ဆေးနေစဉ် အမေရိကန်တို့၏ အေဘရမ်တင့်ကားတစ်စီးက ဘေးမှ စောင့်ကြပ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ၌ အမေရိကန်စစ်သားအကျအဆုံး ၁၄၃ ဦးရှိ ၁၉၉၁ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအစမှ အဆုံးနီးပါးဖြစ်

ဝါရှင်တန် ဇူလိုင် ၉

မတ်လအတွင်း စစ်ပွဲစတင်ကတည်းက အီရတ်နိုင်ငံ၌ ကျဆုံးခဲ့ရသော အမေရိကန်စစ်သားပေါင်းမှာ ၁၄၃ဦး ရှိကြောင်း အမေရိကန် စစ်ဌာနချုပ်က အင်္ဂါနေ့က ကြေညာသည်။

ယင်း အရေအတွက်မှာ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့ ပထမစစ်ပွဲ အတွင်းက အမေရိကန်စစ်သား အကျအဆုံး ၁၄၇ ဦးရှိသည့် အရေအတွက်နားသို့ ကပ်သွားသည်ကို တွေ့ရသည်။

အကြီးအကျယ်တိုက်ပွဲများ ပြီးဆုံးသွားပြီဖြစ်ကြောင်း သမ္မတဘုရှ်က မေလ ၁ရက်နေ့တွင်ကြေညာစဉ်က ကျဆုံးသည့် အမေရိကန်စစ်သားဦးရေမှာ ၁၁၄ ဦးရှိသည်။

ပြောက်ကျားစစ်ဆင်ရေး

ယင်းနောက်ပိုင်း အီရတ်တို့၏ ပြောက်ကျားစစ်ဆင်ရေးပုံစံ တိုက်ခိုက်မှုကြောင့် နောက်ထပ်အမေရိကန်စစ်သား ၂၉ ဦး ကျဆုံးခဲ့သည်။

ထို့ပြင် သမ္မတဘုရှ်ရော၊ အမေရိကန်တပ်မှူးများကပါ စစ်ပွဲမပြီးဆုံးသေးဟု ပြောဆိုကြသည်။

အီရတ်ရောက် အမေရိကန် စစ်သားများအဖို့ ကြမ်းတမ်းသောခရီးကို လျှောက်လှမ်းခဲ့ကြရသလို ရှေ့အဖို့တွင်လည်း ခရီးကြမ်းကို လျှောက်လှမ်းကြရဦးမည်ဖြစ်ကြောင်း စစ်ပွဲအတွင်း အမေရိကန်တပ်များကို အမိန့်ပေး ဦးစီးရသည့် တပ်မှူးဗိုလ်ချုပ်ကြီး တော်မီဖရန့်က ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိုင်အား တပ်မှူးတာဝန် လွှဲအပ်သည့် အခမ်းအနားတွင် ပြောကြားလိုက်သည်။

အနီးကပ်

အမေရိကန်စစ်သားများ လောလောလတ်လတ် အသတ်ခံရမှုတွင် တနင်္လာနေ့က စစ်ယာဉ်တန်းနှင့် လိုက်ပါလာသည့် စစ်သားတစ်ဦး လမ်းဘေးဗုံးပေါက်ကွဲထိမှန်ပြီး သေဆုံးမှုပါဝင်သည်။ တနင်္လာနေ့ညက ဘဂ္ဂဒက်မြို့ တိုက်ပွဲတွင် အမေရိကန် စစ်သားတစ်ဦး သေဆုံးသည်။ တနင်္ဂနွေနေ့ကပင် ဘဂ္ဂဒက်တက္ကသိုလ်၌ အမေရိကန် စစ်သားတစ်ဦး အနီးကပ် ပစ်သတ်ခံ လိုက်ရပြန်သည်။

ကြေညာ

တနင်္လာနေ့က ဘလက်မြို့၌ အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ အမေရိကန်စစ်သားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးကြောင်း အမေရိကန်စစ်ဌာနချုပ်က အင်္ဂါနေ့တွင် ကြေညာသည်။ ***အင်တာနက်။***

ထိုင်းနိုင်ငံ၌ အိဒ်စ်ရောဂါတားဆီးရေး လှုံ့ဆော်လူငယ်များအကြား အဓိက စိုးရိမ်စရာဖြစ်လာ

ဗန်ကောက် ဇူလိုင် ၉

အသက် (၁၅ နှစ်မှ ၂၉ နှစ်) ကြားရှိ လူငယ်များသည် ထိုင်းနိုင်ငံ၏ အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါ တားဆီးရေးလှုံ့ဆော်မှုအတွက် အဓိက စိုးရိမ်စရာ ဖြစ်လာကြောင်း ထိုင်းနိုင်ငံ၏ ကိုးကြိမ်မြောက် အမျိုးသားအိဒ်စ်ရောဂါညီလာခံမှ ထွက်ပေါ်လာသည့် အစီရင်ခံစာများကို ကိုးကား၍ ထိုင်းနိုင်ငံထုတ် သတင်းစာများက အင်္ဂါနေ့တွင် ရေးသားဖော်ပြကြသည်။

လုံခြုံစိတ်ချရမှုမရှိ

အသက် (၁၅ နှစ်မှ ၂၉ နှစ်)အရွယ်ကြားရှိ လူငယ်များ၊ အထူးသဖြင့် အမျိုးသမီးများသည် လုံခြုံစိတ်ချရမှုမရှိသည့် လိင်ဆက်ဆံမှုနှင့် အိဒ်စ်ရောဂါ အကြောင်း အသိပညာ နည်းပါးမှုတို့ကြောင့် အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုး ကူးစက်ခံရကြောင်း လူသားချင်း ဆက်ဆံထိတွေ့ရာမှ ကူးစက်နိုင်သည့်ရောဂါများ ထိန်းချုပ်ရေးဌာနညွှန်ကြားရေးမှူးချုပ်ချာရန်ထရင်စုသီပွန်ကပြောကြားသည်။

ထို့ကြောင့် အိဒ်စ်ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေး လှုံ့ဆော်မှုသည် လူငယ်များအပေါ် အာရုံပိုမိုစိုက်ရမည်ဖြစ်ပြီး လူငယ်များအကြား ကွန်ဒုံအသုံးချမှုကို တိုးမြှင့်ရမည်ဖြစ်ကြောင်း ချာရန်က ပြောကြားသည်ဟု သည်နေးရှင်း သတင်းစာက ဖော်ပြသည်။

ထိုင်းပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာနကလည်း ကွန်ဒုံရောင်းချသူများအား ကွန်ဒုံဈေးနှုန်းကို လျှော့ချရန် တိုက်တွန်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လိင်လုပ်ငန်းတွင် လုပ်ကိုင်နေသူများအနက် ၉၈ရာခိုင်နှုန်းကို ကွန်ဒုံများ သုံးစွဲရန် လှုံ့ဆော်ရာတွင် အောင်မြင်မှုရှိကြောင်း၊ သို့ရာတွင် ရှောင်တခင် လိင်ဆက်ဆံကြသည့် လက်မထပ်ရသေးသော လူငယ်စုံတွဲများ၏ သုံးပုံတစ်ပုံကသာ ကွန်ဒုံအသုံးချရမည်ကို သိကြကြောင်းဖြင့် ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မှားယွင်းသော ထောက်လှမ်းရေးသတင်းပေါ်၌ အခြေပြု အီရတ်နိုင်ငံအား ဘုရှ်၏စွပ်စွဲချက်များ မှားယွင်းဟု ဝန်ခံ

ဝါရှင်တန် ဇူလိုင် ၉

အီရတ်နိုင်ငံသည် အာဖရိကတိုက်မှ ယူရေနီယံကို ဝယ်ယူနိုင်ရန် ကြိုးပမ်းခဲ့သည်ဆိုသော အမေရိကန်သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်၏ နိုင်ငံတော်အခြေပြမိန့်ခွန်းပါ ပြောကြားချက်သည် မှားယွင်းနေသော ထောက်လှမ်းရေးသတင်းအချက်အလက်များပေါ်တွင် အခြေပြုနေကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေးကောင်စီက အင်္ဂါနေ့၌ ဝန်ခံပြောကြားလိုက်သည်။

အီရတ်နိုင်ငံသည် အာဖရိကတိုက်ရှိ နိုင်ငံအချို့ထံမှ ယူရေနီယံဝယ်ယူရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်ဆိုသောအချက်ကြောင့် ယင်းနိုင်ငံအနေဖြင့် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ တီထွင်ထုတ်လုပ်နိုင်ရန်ကြိုးပမ်းနေသည်ဟု ယူဆစရာဖြစ်လာရကြောင်း အမေရိကန် အမျိုးသားလုံခြုံရေး ကောင်စီ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်အန်တန်က ပြောကြားသည်။

အမေရိကန် အိမ်ဖြူတော်က ယခုကဲ့သို့ ဖွင့်ဟဝန်ခံလိုက်မှုသည် အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုအကြောင်းတရား ခိုင်လုံမှု ရှိပုံကို လေးနက်စေရန် အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က ထောက်လှမ်းရေးအစီရင်ခံစာများအား ကိုယ်လိုရာဆွဲ ပြင်ဆင်ပြောင်းလဲခဲ့သည်ဆိုသော အငြင်းပွားပြောဆိုစရာအတွက် ပိုမို၍အထောက်အပံ့ဖြစ်စေကြောင်း ဝေဖန်မှုများ ပေါ်ထွက်လာသည်။

အီရတ်နိုင်ငံသည် နိုင်ဂျာနိုင်ငံထံမှ နေ၍ယူရေနီယံဝယ်ယူရရှိနိုင်ရန်ကြိုးပမ်းခဲ့သည်ဟု အီတလီထောက်လှမ်းရေး သတင်းရပ်ကွက်ကပြောကြားခဲ့ကြောင်း၊ အီတလီ ထောက်လှမ်းရေးသတင်းဌာနက ဖြန့်ဝေခဲ့သော ယူရေနီယံဝယ်ယူမှုဆိုင်ရာ စာလွှာစာတမ်းများမှာ မှန်ကန်မှုမရှိဘဲ မှားယွင်းနေသည်ကို တွေ့ရှိရကြောင်း အမေရိကန် အစိုးရက ပြောကြားသည်။

အီရတ်စစ်ပွဲနှင့် သက်ဆိုင်နေသော အီရတ်ထောက်လှမ်းရေးဆိုင်ရာလှုပ်ရှားမှုများနှင့် ပတ်သက်၍ အမေရိကန်ကွန်ဂရက်လွှတ်တော်က စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်သင့်ကြောင်း လာမည့်ရွေးကောက်ပွဲတွင် အမေရိကန်သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် လျာထားခံရသူ မစ်ဇူရီပြည်နယ်မှ ဒီမိုကရက်အမတ်ဒစ်ဂဲဖတ်ကပြောကြားသည်။ ***အင်တာနက်။***

ကင်းလှည့်စောင့်ကြပ်

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့လယ် လမ်းမပေါ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိန်တပ်သားတစ်ဦးအား ဇူလိုင် ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဘုရှ် ကိုင်တွယ်ဆောင်ရွက်မှု အမေရိကန်ပြည်သူလူထု၏ ဝေဖန်မှုများ ပိုမိုကျယ်လောင်လာ

ဝါရှင်တန် ဇူလိုင် ၉

အီရတ်စစ်ပွဲနှင့်ပတ်သက်၍လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၏ ပြည်တွင်း စီးပွားရေးနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ကိုင်တွယ်ဆောင်ရွက်ပုံအပေါ် အမေရိကန်ပြည်သူလူထု၏ ဝေဖန်မှုများမှာ ပိုမိုကျယ်လောင်လာနေကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် လူထုသဘောထားဆန္ဒစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

သမ္မတဘုရှ်၏ လုပ်ကိုင်ဆောင်ရွက်ပုံ စွမ်းဆောင်ချက်နှင့်ပတ်သက်၍ ပြည်သူလူထု၏ အားရကျေနပ်မှုမှာ အီရတ် တိုက်ခိုက်ရေးစစ်ပွဲ ပြီးဆုံးချိန်ကာလက ၇၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၁၄ ရာခိုင်နှုန်းကျဆင်းကာ ၆၀ ရာခိုင်နှုန်းသို့ ရောက်ရှိသွားကြောင်း ပြူးသုတေသနဗဟိုဌာန၏ ဇွန်၁၉ ရက်မှ ဇူလိုင် ၂ ရက်အထိ ကာလအတွင်း ကောက်ယူခဲ့သည့် လူထုသဘောထားဆန္ဒစစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်မှုကို အားပေးထောက်ခံသည့် ပြည်သူလူထုဦးရေသည် ဧပြီလယ်က ၇၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၆၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း၊ အီရတ်နိုင်ငံတွင် ဆင်နွှဲနေသည့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းများ တိုးတက်မှုရှိသည်ဟု ထင်မြင်ယူဆသူ ဦးရေသည် ဧပြီလအတွင်းက ၆၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၂၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

သမ္မတဘုရှ်သည်အမျိုးသားစီးပွားရေး တိုးတက်စေရန် များစွာကြိုးပမ်းရဦးမည်ဆိုသော ယူဆချက်ကို လက်ခံသူဦးရေမှာ မေလက ၅၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၆၂ ရာခိုင်နှုန်းသို့ တိုးတက်လာကြောင်း၊ သမ္မတဘုရှ်သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် နောက်ထပ်များစွာ လုပ်ဆောင်ရဦးမည်ဆိုသော ယူဆချက်ကို လက်ခံသူဦးရေမှာ ၇၂ ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း စစ်တမ်းတွင် ဆက်လက်ဖော်ပြထားသည်။ ***အင်တာနက်။***

စပိန်ဝန်ကြီးချုပ် ဟိုဆေးမာရီယာအက်ဇနော (ဝဲ) နှင့် အယ်ဆာဗေဒိုသမ္မတ ဖရန့်စစ္စကို ဖလိုရက်စ်တို့ ဆန်ဆာလ်ဒိုမြို့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် စကားစမြည်ပြောနေစဉ်။ (အက်ဇနောသည် စပိန်နှင့် အလယ်ပိုင်း အမေရိကနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အယ်ဆာဗေဒိုသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် အီရတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားရေး အကူအညီကိစ္စတို့ကို ဆွေးနွေးမည်ဖြစ်သည်။) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ အထိအခိုက်များပြားနေ

ဘဂ္ဂဒက် ဇူလိုင် ၉

ဆက်ဒမ်ဟူစိန်ထံမှဟု မှတ်ယူရသော အသံလွှင့်တိပ်ခွေကို အာရပ်ရုပ်သံဌာနက အသံလွှင့်သွားသည်။ စကားပြောသူက အီရတ်တွင် တိုက်ခိုက်မှုများကို တိုးချဲ့ပြုလုပ်ရန် တိုက်တွန်းလှုံ့ဆော်သွားသည့် အင်္ဂါနေ့ တစ်ချိန်တည်းမှာပင် အီရတ်၌ တိုက်ခိုက်မှုအများအပြားဖြစ်ပွားခဲ့ရာ အီရတ်သုံးဦး သေဆုံးသွားပြီး အမေရိကန်စစ်သားခုနစ်ဦးဒဏ်ရာရရှိသွားသည်။

လက်ပစ်ဗုံးဖြင့် တိုက်ခိုက်

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ ရဲစခန်းကို လက်ပစ်ဗုံးဖြင့် အတိုက်ခံရရာ အသက်(၁၃)နှစ်သားအရွယ် ယောကျ်ားကလေးတစ်ဦးအပါအဝင် အီရတ်လူမျိုးသုံးဦး သေဆုံးသွားသည်။

ရဲတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ပစ်ခတ်မှုကြောင့် အဆိုပါသုံးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။ ရဲစခန်းကို တိုက်ခိုက်သူများထဲတွင် အထက်ပါသုံးဦး ပါဝင်ခြင်းမရှိဟု မျက်မြင်သက်သေများက အေပီရုပ်/သံ သတင်းဌာနကို ပြောပြသည်။

တိုက်ခိုက်သူများသည် တံတားအောက်မှ ဖြတ်သန်းသွားသော အမေရိကန်စစ်ယာဉ်ပေါ်သို့ လက်လုပ်ဗုံးပစ်ချပြီး တိုက်ခိုက်ခဲ့သည်။ ထိုအချိန်၌ပင် ဘဂ္ဂဒက်မြို့အခြားတစ်နေရာ၌ စစ်ယာဉ်တစ်စီး မြေမြှုပ်မိုင်းနင်းမိပြီး ပေါက်ကွဲသွားသည်။ ထိုဗုံးပေါက်ကွဲမှုအသီးသီးတွင် စစ်သားနှစ်ဦးစီ ဒဏ်ရာရသွားသည်ဟု တပ်ကြပ်ကြီး ပက်ထရစ်ကမ်တန်က ပြောကြားသည်။

မြို့တော်၏ မြောက်ဘက် ၁၇၅ မိုင်အကွာရှိ ကယ်ကွတ်မြို့တွင် အမေရိကန်စစ်ယာဉ်တန်းအား ဒုံးကန်အားသုံးလက်ပစ်ဗုံးနှင့် အတိုက်ခံခဲ့ရသည်။

လက်တုံ့ပြန်

ယင်းအဖြစ်အပျက်တွင် စစ်သားသုံးဦး ဒဏ်ရာရရှိသွားသည်။ အမေရိကန် ကင်းလှည့်အဖွဲ့က လက်တုံ့ပြန်ခဲ့သော်လည်း အီရတ်များ ထိခိုက်သွားသည်ဟူသော သတင်းသော်လည်းကောင်း၊ ဖမ်းမိသောသတင်းသော်လည်းကောင်း မကြားသိရဟု ဆိုသည်။

အင်တာနက်။

တူရကီစစ်သားများကို ဖမ်းဆီးမှုကြောင့် အမေရိကန်များသာ အရှုံးပေါ်ဟု တူရကီဝေဖန်

ဘဂ္ဂဒက် ဇူလိုင် ၉

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် လွန်ခဲ့သည့် သီတင်းပတ်အကုန်က အမေရိကန်များသည် တူရကီ ကွန်မန်ဒို အထူးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ကြသည်။ ထိုလုပ်ရပ်ကြောင့် နေတိုးစစ်အုပ်စုအဖွဲ့ဝင် နှစ်နိုင်ငံအကြား ဆက်ဆံရေး ဆိုးရွားသွားခဲ့ရသည်။ ထိုကိစ္စကြောင့် အမေရိကန်တို့ကိုသာလျှင် အဓိကထိခိုက် နစ်နာစေသည်ဟု တူရကီတို့က အင်္ဂါနေ့တွင် ပြောကြားသည်။ တူရကီသည် အစဉ်အလာအရ အမေရိကန် လိုလားသော မွတ်စလင်နိုင်ငံဖြစ်သည်။

တူရကီအထူးတပ်ဖွဲ့မှ အရာရှိ၁၁ဦးကို သုံးရက်ကြာ အမေရိကန်တို့ ထိန်းသိမ်းထားပြီးနောက် တနင်္လာနေ့က ပြန်လွှတ်ပေးခဲ့သည်။ ထိုလုပ်ရပ်ကို ပြန်လည်တောင်းပန်ရန် တူရကီတို့က အကြိမ်ကြိမ် တောင်းဆိုခဲ့ကြသည်။ ယခုအခါ ထိပ်တန်းအမေရိကန် စစ်ဘက်အရာရှိများသည် တူရကီနိုင်ငံ အန်ကာရာမြို့သို့ ဆိုက်ရောက်လာပြီဖြစ်သည်။ ၎င်းတို့သည် တူရကီနှင့် အမေရိကန်တို့အကြား မပြေမလည်ဖြစ်ရသည့်ကိစ္စကို နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်းကြလိမ့်မည်ဟု ဆိုသည်။

တူရကီနိုင်ငံနှင့် ဖြစ်ပွားရသော ယခုကိစ္စကြောင့် အမေရိကန်နိုင်ငံအပေါ် အများအမြင်တွင် အရုပ်ဆိုးအကျည်းတန်စေသည်။ အမေရိကန်သာ နစ်နာရသည်။ တူရကီအနေဖြင့် မနစ်နာပါဟု တူရကီ နိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးက ပြောကြားသည်။

ထိုအဖြစ်အပျက်ကြောင့် တူရကီတို့ကို အံ့အားသင့်သွားစေသည့်အပြင် လက်တုံ့ပြန်ရန်ပင် တောင်းဆိုမှုများရှိသည်။ အမေရိကန်တို့က တူရကီ အရာရှိများကို လက်ဖက်ရည်သုံးဆောင်ရန် ဖိတ်ကြားပြီးနောက် ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်ဟုသတင်းစာများတွင် ဖော်ပြခဲ့သည်။

ထိုကိစ္စအတွက် အမေရိကန်နှင့် တူရကီနှစ်နိုင်ငံတို့ ပူးတွဲကော်မတီဖွဲ့ပြီး ပေါ်ပေါက်ရသည့် အကြောင်းရင်းကို စုံစမ်းကြမည်ဖြစ်သည်။***အင်တာနက်။***



မက္ကဆီကိုနိုင်ငံ၌ မိုးသည်းထန်စွာရွာပြီး ရေကြီး

မက္ကဆီကိုစီးတီး ဇူလိုင် ၉

မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မက္ကဆီကိုစီးတီးရှိ အဓိကလေဆိပ်တွင် တနင်္လာနေ့က ကသောင်းကနင်းဖြစ်ခဲ့ရပြီး ပြည်တွင်းနှင့် နိုင်ငံတကာလေယာဉ်ခရီးစဉ် အနည်းဆုံး ၇၄ ခုကို ပယ်ဖျက်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် လမ်းလွှဲပြောင်းပေးခြင်းများ ပြုလုပ်ခဲ့ရကြောင်း မြို့ပြလေကြောင်းပျံသန်းရေးတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမြင့်စွမ်းရည်အားနည်းခြင်းနှင့် ပြေးလမ်းများပေါ်တွင် ရေဖုံးလွှမ်းခြင်းတို့ကြောင့်ဖြစ်ရသည့် ကသောင်းကနင်းနိုင်မှုကို ခရီးသည်၇၀၀ ခန့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။ ***အင်တာနက်။***

နိုင်ငံခြား ကျွမ်းကျင်သူများကို တရုတ်ပြည် ဆွဲဆောင်

ဘေဂျင်း ဇူလိုင် ၉

နိုင်ငံခြားတိုင်းပြည်များနှင့် ဒေသများမှ ကျွမ်းကျင်သူ ၄၀၀၀၀၀ သည် တရုတ်ပြည်၌ အလုပ်လုပ်ကိုင်ရန် နှစ်စဉ်လာရောက်လျက်ရှိပြီး တရုတ်လူမျိုး ၄၀၀၀၀ ကျော်သည်လည်း လေ့ကျင့်သင်ယူရေးနှင့် ပညာရေးအစီအစဉ်များအတွက် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်ကြကြောင်း အင်္ဂါနေ့ထုတ် ပြည်သူ့နေ့စဉ် သတင်းစာကဖော်ပြသည်။

လွန်ခဲ့သည့် နှစ် ၂၀ ကဆိုလျှင် အလားတူခရီးမျိုးကို တရုတ်လူမျိုး ၆၀၀ ဦးသာ သွားနိုင်သည်။

တရုတ်ပြည်မှ နိုင်ငံခြားကျွမ်းကျင်သူများရေးရာ စီမံခန့်ခွဲအုပ်ချုပ်ရေးအဖွဲ့သည် လူသားအရင်းအမြစ် ဖလှယ်ရေးအစီအစဉ်အရ နိုင်ငံတကာအဖွဲ့အစည်းများ၊ နာမည်ကြီးတက္ကသိုလ်များနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ စုစုပေါင်း ၃၀၀ ကျော်တို့နှင့် ပူးပေါင်းဆက်ဆံရေး ထူထောင်ထားသည်ဟု သတင်းစာကဖော်ပြသည်။

တရုတ်ပြည်သို့လာရောက်ကြသည့် နိုင်ငံခြားကျွမ်းကျင်သူများသည် စက်မှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာ၊ ဥပဒေ၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ အရေးပါသည့် စီမံကိန်းများနှင့် ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်လုပ်ကိုင်ကြပြီး ယခင်ကမူ ကုန်စည်ထုတ်လုပ်ရေး၊ ပညာရေး၊ မီဒီယာနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများတွင် လုပ်ကိုင်ခဲ့ကြသည်။

ယခင်ကမူ နိုင်ငံခြားကျွမ်းကျင်သူများကို တရုတ်ပြည်၏ အဓိကမြို့ကြီးများနှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သည့် ကမ်းရိုးတန်းဒေသများတွင် အလုပ်လုပ်ကိုင်ရန် ဖိတ်ကြားခဲ့သည်။ ယခုအခါတွင်မူ တရုတ်ပြည်မကြီးရှိ ပြည်နယ်အားလုံး၌ အလုပ်လုပ်ကိုင်ရန် ၎င်းတို့အား ဖိတ်ကြားလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၇ ရက်က တရုတ်ပြည်အနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမြင့်မီတာ ၅၀၀၀ ကျော်ရှိ ဒင်ကလာတောင်တန်းပေါ်တွင် ကျင်ဟိုင်-တိဗက် ရထားလမ်းကို ဖောက်လုပ်နေကြစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

အမေရိကန်တပ်ဖွဲ့ဝင်များအား ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှု အမေရိကန်သိမ်းပိုက်မှု အဆုံးသတ်စေနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်

ဒူဘိုင်း ဇူလိုင် ၉

အီရတ်နိုင်ငံသားများက အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များမှ တပ်သားများအား ပြောက်ကျားစနစ်ဖြင့် လျှို့ဝှက်ဆင်နွှဲတိုက်ခိုက်နေမှုသည် အီရတ်နိုင်ငံအပေါ် အမေရိကန်သိမ်းပိုက်မှုကို အဆုံးသတ်စေနိုင်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ကြောင်း သမ္မတရာထူးမှဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန်အသံသွင်းထားသည်ဟု ယူဆဖွယ်ရှိသည့် စကားပြောတိပ်ခွေကို အင်္ဂါနေ့က အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားသည်။

အယ်လ်ဂျာဇီယာနှင့် လက်ဘနွန်နိုင်ငံမှ အယ်လ်ဘီစီအယ်လ်ဟေယက်ရုပ်မြင်သံကြား သတင်းဌာနတို့က ရက်စွဲဖော်ပြမထားသည့် အရည်အသွေးညံ့ဖျင်းစွာ အသံသွင်းယူထားသော ဖော်ပြပါ စကားပြောတိပ်ခွေကို ထုတ်လွှင့်ပြသခဲ့သည်။ အဆိုပါတိပ်ခွေတွင် အီရတ်ပြည်သူ၊ ပြည်သားများက အမေရိကန်နှင့်ဗြိတိသျှတပ်သားများ အီရတ်နိုင်ငံအတွင်း ရောက်ရှိနေမှုကို ကုန်သွယ်ရေးအရ သပိတ်မှောက်ဖယ်ကြဉ်ကြရန်နှင့်လူထုနည်းဖြင့် အပြင်းအထန်ဆန္ဒပြပွဲများ ပြုလုပ်ခြင်းဖြင့် တိုက်စစ်ဆင်နွှဲကြရန် ဆော်ဩထားသည်။

အီရတ်ပြည်သူ၊ ပြည်သားများ၏ အဓိကတာဝန်မှာ ကျူးကျော်သူများအားအီရတ်နယ်မြေပိုင်နက်မှမောင်းထုတ်ရေးဖြစ်ကြောင်း၊အီရတ်များ၊ ကာ့ဒ်များ၊ တပ်ခ်မင်များ၊ ရှီးယားများ၊ ဆွန်နီများ၊ မွတ်စလင်များနှင့် ခရစ်ယာန်များအနေဖြင့် လူတန်းစားအလွှာအားလုံးကို စုစည်းညီညွတ်၍ ပူးပေါင်းဆောင်ရွက်ကြရန် ဆက်ဒမ်က အဆိုပါတိပ်ခွေတွင် တိုက်တွန်းထားသည်။

ဖော်ပြပါတိပ်ခွေသည် ရက်သတ္တပတ်အတွင်း အသံသွင်းယူခဲ့သည့် ဆက်ဒမ်ဟူစိန်၏ ဒုတိယအသံသွင်းတိပ်ခွေဖြစ်သည်။

– အသက်ထင်ရှားရှိ –

အမေရိကန်ဦးဆောင်သောတပ်များ အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ပြီးနောက် သုံးလကြာ ကာလအတွင်း ဆက်ဒမ်ဟူစိန်သည် အသက်ထင်ရှားလျက်ရှိပြီး အီရတ်နိုင်ငံအတွင်း နေထိုင်လျက်ရှိကြောင်း အသံသွင်းထားသည့်စကားပြောခွေကို အယ်လ်ဂျာဇီယာရုပ်မြင်သံကြားက သောကြာနေ့တွင် ထုတ်လွှင့်သည်။

အမေရိကန်စစ်သားများအနေဖြင့် အီရတ်နိုင်ငံသူ၊ နိုင်ငံသားများက ၎င်းတို့အား အီရတ်နိုင်ငံအား လွတ်မြောက်အောင်လုပ်ပေးသည့် ကယ်တင်ရှင်များသဖွယ် နှုတ်ဆက်ကြမည်ဟု ယုံကြည်နေကြကြောင်းကို ဆက်ဒမ်ဟူစိန်က အဆိုပါတိပ်ခွေတွင် ခပ်ထေ့ထေ့လေးပြောကြားထားသည်။ အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက် ကျဆုံးပြီးနောက် အီရတ်တို့၏ ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သား ၂၉ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

အီရတ် ပြည်သူလူထုအနေဖြင့် ကျူးကျော်သူများအား တွန်းလှန်တိုက်ခိုက်ရာတွင် ကုန်သွယ်ရေးအရ သပိတ်မှောက်ရေး၊ ငြိမ်းချမ်းစွာဆန္ဒပြရေး၊ လူထုနည်းဖြင့် ဆန္ဒပြရေးမှသည် ကျူးကျော်သူများအား အမြောက်များ၊ ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်ရေးအထိ သင့်တင့်လျောက်ပတ်သည့် နည်းမျိုးစုံသုံးကြပါရန် ဆက်ဒမ်ဟူစိန်က ၎င်းတိပ်ခွေတွင် တိုက်တွန်းဆော်ဩထားသည်။

– တူညီ –

၎င်းစကားပြော တိပ်ခွေသည် ဆက်ဒမ်ပြောသည့် တိပ်ခွေ ဟုတ်၊ မဟုတ် ရတ်တရက်အတည်ပြုမှု မရရှိသေးပေ။ သို့ရာတွင် ယခင်သောကြာနေ့က ထုတ်လွှင့်သွားခဲ့သည့် တိပ်ခွေများနည်းတူ ဆက်ဒမ်၏ လေယူလေသိမ်း အကြောင်းအရာနှင့် စကားပြောဟန်ပန်တို့သည် တူညီကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ ကိုယ်စား လှယ်အဖွဲ့ဝင်ဒါမီကို (ဝဲ) နှင့်ဘဂ္ဂဒက်ပြတိုက်ညွှန်ကြားရေးမှူး အယ်မူဇာလာလီတို့ ဗြိတိသျှပြတိုက်တွင်ကျင်းပသည့်သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ ခိုးယူလုယက်ခံရသော သမိုင်းဝင်ပစ္စည်းများ ပြန်လည်ရှာဖွေရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်ရှေးဟောင်းအမွေအနှစ်များ ၁၀ ရာခိုင်နှုန်းခန့် ပြန်လည်ရရှိပြီဟုဆို

လန်ဒန် ဇူလိုင် ၉

အမေရိကန်ဦးဆောင်သည့်တပ်များ ဘဂ္ဂဒက်မြို့တော်ကို သိမ်းပိုက်ပြီးနောက် အီရတ်ပြတိုက်များမှ လုယက်ခိုးယူသွားသော ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအနက် ၁၀ရာခိုင်နှုန်းခန့်ကို ပြန်လည်ရရှိပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ မည်မျှပျောက်ဆုံးနေသေးသည်၊ မည်မျှပျက်စီးဆုံးရှုံးသွားသည်ကို သိရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းဖြင့်လည်း ၎င်းတို့က အလေးအနက်ပြောကြားလိုက်သည်။

လန်ဒန်မြို့၌ တနင်္လာနေ့က ပြီးဆုံးသွားသော ငါးရက်ကြာဆွေးနွေးပွဲတွင် တက်ရောက်သည့် ရှေးဟောင်းသုတေသနပညာရှင်များက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဘဂ္ဂဒက်နှင့်မိုဆူးလ်မြို့များရှိ ပြတိုက်များက ပျောက်ဆုံးသွားသော ရှေးဟောင်းအမွေအနှစ်များ ဆုံးရှုံးမှုကိုသိရှိနိုင်ရန် လေ့လာကြိုးပမ်းမှုမှာ တိုးတက်အောင်မြင်နေကြောင်း ဗြိတိန်ပြတိုက်ညွှန်ကြားရေးမှူး မက်ဂရီဂါက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

သို့သော် လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် လျှပ်စစ်မီးအခက်အခဲကြောင့် ပျောက်ဆုံးရှေးဟောင်းပစ္စည်း လက်ကျန်စာရင်းပြုစုရေးမှာ အဟန့်အတားဖြစ်ရသည်ဟုဆိုသည်။

အင်တာနက်။



အာဖဂန်နစ္စတန်ဆိုင်ရာ ပါကစ္စတန်သံရုံးအား ဇူလိုင် ၉ရက်က အာဖဂန်ရဲတပ်ဖွဲ့ဝင်များစောင့်ကြပ်နေစဉ်။ (ပါကစ္စတန်တပ်သားများက နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည်ဟုဆိုကာ အာဖဂန်လူမျိုးတို့က ဆန္ဒပြပွဲတစ်ရပ်ကျင်းပပြီးနောက်တွင် ပါကစ္စတန်နိုင်ငံက ၎င်းတို့၏ သံရုံးကို ပိတ်ပစ်ခဲ့သည်။)

(ဓာတ်ပုံ–ဆင်ဟွာ)

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး၌ တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်သားနှစ်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၉

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင် အမေရိကန်စစ်သားများ စီးနင်းလိုက်ပါလာသည့် ဟမ်းဗီးမော်တော်ယာဉ်တစ်စီးသည် ဗုံးပေါက်ကွဲမှုဖြစ်ပွားသောကြောင့် ပျက်စီးပြီး အမေရိကန်စစ်သားနှစ်ဦး အင်္ဂါနေ့က ဒဏ်ရာအနည်းငယ်ရရှိသွားကြောင်း အမေရိကန်စစ်ဘက်မှ အရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ဗုံးပေါက်ကွဲ

ယင်းဟမ်းဗီး မော်တော်ယာဉ်သည် ဘဂ္ဂဒက်နှင့် နိုင်ငံတကာ လေဆိပ်ကြားရှိ အမှတ်(၈) အဝေးပြေးလမ်းမကြီးပေါ်တွင်မောင်းနှင်လာရာ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ပျက်စီးသွားခြင်းဖြစ်ကြောင်း ဗိုလ်မှူးဘိုနီမန်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိသည့် အမေရိကန်စစ်သားနှစ်ဦးသည် အမှတ်(၃) ခြေလျင်တပ်ရင်းမှဖြစ်သည်ဟု ဘိုနီမန်းက ပြောကြားသည်။

ဆက်ဒမ်ဟူစိန်အား သမ္မတ ရာထူးမှဖယ်ရှားလိုက်ပြီးနောက် သုံးလအကြာတွင် ဖော်ပြပါ အမှတ်(၈) အဝေးပြေးလမ်းမကြီးပေါ် မောင်းနှင်သွားလာလျက်ရှိသည့် အမေရိကန်စစ်တပ်မှ ယာဉ်တန်းများသည် ကြိမ်ဖန်များစွာ အတိုက်ခံနေရသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း မိုင် ၆၀ အကွာရှိ ဘလက်မြို့အနီး အမေရိကန်စစ်ဘက် အခြေစိုက်စခန်းတွင် သီးခြားဖြစ်ရပ်အဖြစ် ရက်သတ္တတစ်ပတ်အတွင်း ဒုတိယအကြိမ် စိန်ပြောင်းဖြင့် တနင်္လာနေ့ ညဉ့်နက်ပိုင်းမရောက်မီ ပစ်ခတ် တိုက်ခိုက်ခြင်းခံရကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဖမ်းဆီးထား

အမေရိကန်စစ်သားများ သေဆုံးမှုမရှိကြောင်း၊ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မသင်္ကာသူ ၁၂ ဦးအား ဖမ်းဆီးထားကြောင်းသူမကဆက်လက်ပြောကြားသည်။ အလားတူ တိုက်ခိုက်မှုမျိုး လွန်ခဲ့သည့် ရက်သတ္တပတ်ကဖြစ်ပွားခဲ့ရာ အမေရိကန်စစ်သား ၁၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင်ရော အာဖဂန်နစ္စတန်တွင်ပါ ငြိမ်းချမ်းမှုမရသေး

အမေရိကန်စစ်သည်များ ဆက်လက်ကျဆုံးလျက်ရှိ

အတ္တလန္တာ ဇူလိုင် ၉

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့တွင် အမေရိကန်ပြည်ထောင်စုက စစ်ဆင်နွှဲမှုများမှာ ပြီးဆုံးသွားပြီဟု တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သော်လည်း အဆိုပါနိုင်ငံနှစ်နိုင်ငံစလုံးတွင် အမေရိကန်စစ်သည်များအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်နေကာ အမေရိကန်စစ်သည်များ ကျဆုံးမှုဦးရေ တစ်နေ့တခြားတိုးပွားလာနေကြောင်း အမေရိကန်မီဒီယာများက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

၄၅ဦးထက်မနည်း

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေးဆိုင်ရာ စစ်ဆင်နွှဲမှုလုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်သဖြင့် နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်တော့မည်ဟု အမေရိကန်သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးချိန်နောက်ပိုင်း အီရတ်နိုင်ငံတွင် အမေရိကန်စစ်သည် ၄၅ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံလည်းတွင် အီရတ်နိုင်ငံနည်းတူပင် အမေရိကန်စစ်သည်များ ကျဆုံးမှုဆက်လက်ဖြစ်ပေါ်နေသည်။

အမေရိကန်အစိုးရသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို ဆင်နွှဲရန်နှင့် အိုစမာဘင်လာဒင်အား ဖမ်းဆီးရမိနိုင်ရေးကြိုးပမ်းရန် အာဖဂန်နစ္စတန်နိုင်ငံတွင် စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ယနေ့ကာလအထိပင် အမေရိကန်အစိုးရ၏ ကာကွယ်စောင့်ရှောက်မှုအောက်ရှိ သမ္မတဟာမစ်ကာဇိုင်း၏ အစိုးရအဖွဲ့မှာ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် လုံးပန်းနေရဆဲဖြစ်သည်။

ချုံခိုတိုက်ခိုက်ခံရ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြောက်ဘက်ရှိ ဒေသတစ်ခုတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့အား ခုခံတိုက်ခိုက်နေသူများကိုချေမှုန်းသည့် စစ်ဆင်ရေးလုပ်ငန်းတစ်ရပ်မှာ ပြီးဆုံးသွားပြီဟု အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးချိန်နောက်ပိုင်း ရက်ပိုင်းအကြာမှာပင် စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာနေရာ၌ပင် ချုံခို တိုက်ခိုက်သည့် သီးခြားဖြစ်စဉ်နှစ်ရပ်ကြောင့် အမေရိကန်စစ်သားကိုးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

ချမ်းမြေ့ရိပ်သာကျောင်း (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၅၅/က) ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (ဩဂုတ် ၃ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သန်းတစ်ထောင် ငယ်ရွယ်ကျန်းမာဖို့ ပညာပေးလို့ စောင့်ရှောက်စို့

လှထွန်း(တွံတေး)

ကမ္ဘာပေါ်ရှိ လူဦးရေသည် နေ့စဉ်နှင့်အမျှ တိုးပွားများပြားလာသည်။ ထိုသို့ တိုးပွားများပြားလာသော လူဦးရေနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော လူမှုဒုက္ခအပေါင်းကို စနစ်တကျဖြေရှင်းရန် လိုအပ်လာသည်။

၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၅၀၀၀ ပြည့်ခဲ့သည်။ ထိုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့ဟုသတ်မှတ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုအခမ်းအနားကို ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် ပူးပေါင်းကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့ ကျရောက်တိုင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့သည် တိုးတက်များပြားလာသော ကမ္ဘာ့လူဦးရေဆိုင်ရာ ပြဿနာများ ဖြေရှင်းဆောင်ရွက်ရေးအတွက် လုပ်ငန်းအစီအစဉ် ဆောင်ပုဒ်တစ်ခုကို နှစ်စဉ်ချမှတ်ပေးသည်။

ယခု ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ ကမ္ဘာ့လူဦးရေနေ့အတွက် ချမှတ်ပေးသော ဆောင်ပုဒ်မှာ **သန်းတစ်ထောင် ငယ်ရွယ်ကျန်းမာဖို့ ပညာပေးလို့ စောင့်ရှောက်စို့** ဖြစ်သည်။

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့က အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်လိုက်သော ဆောင်ပုဒ်မှာ "1 Billion Adolescents; the right to health, Information and service"ဖြစ်သည်။ ထိုဆောင်ပုဒ်ကို မြန်မာနိုင်ငံ ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီက ခေါင်းစဉ်ပါအတိုင်း မြန်မာဘာသာသို့ ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။

ကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့သည် ကမ္ဘာ့လူဦးရေဆိုင်ရာ အခြေအနေအရပ်ရပ်နှင့် လူဦးရေဆိုင်ရာ ပြဿနာများကို လေ့လာဆန်းစစ်ကာ သုတေသနပြုလုပ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ အသိပေးနိုးဆော်လျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်ဖွဲ့စည်းစဉ်ကပင် မွန်မြတ်သော ရည်ရွယ်ချက်များစွာ ချမှတ်ထားသည်။ အဓိကအားဖြင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာရေး၊ စားရေရိက္ခာပြည့်ဝဖူလုံရေး၊ အသိပညာကင်းမဲ့မှု ပပျောက်ရေးနှင့် ရောဂါဘယကင်းရှင်းရေး စသည်တို့ဖြစ်သည်။

ယခုနှစ် ဆောင်ပုဒ်၏ အဓိကဆိုလိုရင်းမှာ တိုးတက်များပြားလာသော ကမ္ဘာ့လူဦးရေတွင် လူဦးရေသန်း ၁၀၀၀ သည် အသက်(၁၀)နှစ်မှ (၁၉)နှစ်အရွယ်ရှိ လူငယ်များဖြစ်ပြီး အဆိုပါလူငယ်များ ကျန်းမာသန်စွမ်းရေးအတွက် ပညာပေး စောင့်ရှောက်ကြရန် တိုက်တွန်းနိုးဆော်ထားခြင်းဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေသည် နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာနေပြီး ယခု ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့လူဦးရေသည် သန်း ၆၃၀၀ ကျော် ရှိလာပြီဟု သိရသည်။ ထိုလူငယ်လူရွယ်သန်း ၁၀၀၀ သည် လူ့သမိုင်းတွင် လူငယ်လူရွယ်အများဆုံးမျိုးဆက်ဖြစ်ကြောင်း၊ အများစုမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် သန်း ၁၀၀၀ သော လူငယ်လူရွယ်များအတွက် ပိုမိုကောင်းမွန်သောဘဝများ တိုးတက်ရရှိကြစေရန် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးကြရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လူငယ်လူရွယ်တိုင်း ပညာသင်ကြားခွင့် ရရှိရေးနှင့် ကျန်းမာရှင်သန်ခွင့် ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ သို့သော်လည်း ကမ္ဘာပေါ်ရှိ လူငယ်လူရွယ် တော်တော်များများသည် ကျောင်းနေခွင့် မရရှိကြသည့်အပြင် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုလည်း မရရှိကြဟု ဆိုပါသည်။ ထို့အတွက် အလွန်ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်စေလျက်ရှိသည်ဟု သိရသည်။

ယခုအခါ ကမ္ဘာပေါ်တွင် တစ်ရက်လျှင် ဆယ်ကျော်သက် အမျိုးသမီးငယ် ခုနစ်သောင်းကျော်သည် အိမ်ထောင်ပြုနေကြသည်။ ထိုဆယ်ကျော်သက် အမျိုးသမီးကလေးများတွင် ၎င်းတို့၏ ဆန္ဒမပါဘဲ အိမ်ထောင်ပြုကြရသူများလည်း ပါဝင်သည်။ နေ့စဉ်နှင့်အမျှ ဆယ်ကျော်သက် အမျိုးသမီးလေးသောင်းခန့်သည် ကလေးမွေးနေကြရသည်။ ထိုသို့ ဆယ်ကျော်သက် အမျိုးသမီးငယ်များသည် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် လင်ယူသားမွေးပြုကြရသည့်အတွက် ပညာရေးတစ်ပိုင်းတစ်စဖြစ်ပြီး ဘဝတက်လမ်း အခွင့်အလမ်းနည်းပါးသွားကြကာ ကျန်းမာရေးလည်း ချို့တဲ့လာကြရသည်ဟု သိရသည်။

ထို့ကြောင့် အမျိုးသမီးငယ်လေးများ အလယ်တန်းပညာ ပြီးမြောက်အောင် သင်ကြားနိုင်စေရန်နှင့် အချိန်ယူ၍ အိမ်ထောင်ပြုခြင်း၊ ကလေးမွေးခြင်း ဖြစ်စေရန် ပညာပေး၍ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါက ကျန်းမာရေးညံ့ဖျင်းမှု၊ စာမတတ်မှုနှင့် ဆင်းရဲမွဲတေမှု သံသရာကို လွန်မြောက်စေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးငယ်များ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ မတရားလူကုန်ကူးခြင်းခံရမှုတို့ကို တားဆီးနိုင်ရန် စနစ်တကျ အကာအကွယ်ပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် အန္တရာယ်ကြီးမားသော စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်နေရသည်။ ယင်းမှာ အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါဆိုးကြီး ကူးစက်ပျံ့နှံ့နေမှုဖြစ်သည်။ ယနေ့ အိပ်ချ်အိုင်ဗွီရောဂါ ကူးစက်မှုများ၏ ထက်ဝက်သည် လူငယ်လူရွယ်များကို ကူးစက်နေခြင်းဖြစ်ပါသည်။ နေ့စဉ် လူငယ်လူရွယ် ခြောက်ထောင်ကျော်သည် ရောဂါကူးစက်ခံနေကြရသည်။ အဆိုပါအချက်တစ်ခုတည်းကပင် လူငယ်လူရွယ်များအား ထိရောက်စွာ ကျန်းမာရေး စောင့်ရှောက်ကာကွယ်ပေးနိုင်ရန် အသိပေး၊ ပညာပေးစောင့်ရှောက်ရေးလုပ်ငန်းသည် အထူးပင် လိုအပ်

နေပေသည်။ ထိုသို့ မျိုးဆက်ပွားဆိုင်ရာ မှန်ကန်သော အချက်အလက်များ အသိပညာပေး ဆောင်ရွက်ခြင်းဖြင့် တာဝန်မဲ့အပြုအမူများ လျော့ပါးစေပြီး တာဝန်ရှိရှိနှင့် အကျိုးရှိသော ဆုံးဖြတ်ချက်များ မှန်ကန်စွာချမှတ်စေနိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကိုလည်း နိုင်ငံတော်အစိုးရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ပြည်သူအားလုံး၏ ကျန်းမာရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်နေသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်နေသည်။ ဤသို့ ဆောင်ရွက်ရာတွင် လူငယ်လူရွယ်များ၏ ပညာရေး၊ ကျန်းမာရေးအခြေအနေ မြင့်မားတိုးတက်ရေးသည် အဓိကအခန်းမှ ပါဝင်နေသည်။

ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၂ ဒသမ ၄ သန်းရှိသည်ဟု သိရသည်။ ထိုလူဦးရေတွင် အသက်(၁၂)နှစ်မှ (၂၄)နှစ်အရွယ် လူငယ် ၂၃ ဒသမ ၈ ရာခိုင်နှုန်း၊ အသက် (၁၅)နှစ်မှ (၂၄) နှစ်အရွယ် လူငယ် ၁၈ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ အဆိုပါ လူငယ်လူရွယ်များအား ပညာရေးမြင့်မားရေး၊ ကျန်းမာရေးအခြေအနေ မြှင့်တင်ရေးကိစ္စများကို ယနေ့ နိုင်ငံတော်တွင် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်။ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည့် လူမှုရေးအသင်းအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများသည် အရှိန်အဟုန် မြင့်မားလျက်ရှိသည်။

ချုပ်၍ဆိုရသော် ယနေ့မြန်မာနိုင်ငံတော်တွင် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်နေမှုများသည် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အတွက် ချမှတ်ထားသော **သန်းတစ်ထောင် ငယ်ရွယ်ကျန်းမာဖို့ ပညာပေးလို့ စောင့်ရှောက်စို့** ဟူသော ဆောင်ပုဒ်နှင့် လိုက်လျောညီထွေ ရှိလှပါကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ဆိုလိုက်ချင်ပါသည်။ ။

ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် လယ်တီဝိပဿနာခုနစ်ရက် တရားစခန်း

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့်တကွ ပင့်သံဃာများ၊ လယ်တီမူကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြသော သံဃာတော်အပါး ၁၀၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်မည်ဖြစ်၍ စေတနာရှင်များ ကုသိုလ်ပြုနိုင်ကြသည်။ (၆၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ စမ်းချောင်းမြို့နယ် (၃၃၇၊က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဇူလိုင် ၁၃ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသောယောဂီများ သည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူ ပူဇော်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီမှ ၁၀ နာရီထိ စမ်းချောင်းမြို့နယ် ဓေယျဝတီ စာသင်တိုက်ကြီးတွင် သီတင်းသုံးနေသော ကျောင်းထိုင်ဆရာတော်ကြီးနှင့် သံဃာတော် ၁၇ ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင် စိုက်ထူမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများ လှူဖွယ်ပစ္စည်းများကို ဦးတင်အောင် ဖုန်း-၂၅၆၉၀၈၊ ဦးသန်းစိုး ဖုန်း-၅၃၄၇၃၆နှင့် ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရတနာမဥ္ဇူ မမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၀

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဓေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း ရတနာမဥ္ဇူ မမ္မရိပ်သာ၌ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းမှစ၍ ၂၈ ရက် နံနက်ပိုင်းထိ ဖွင့်လှစ်မည်ဖြစ်သည်။

ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော ကမ္မဋ္ဌာနာစရိယများက ပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီ ရတနာမဥ္ဇူ မမ္မရိပ်သာသို့ လာရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၁၀

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ်(၈၂) နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်တွင် တစ်လလျှင်နှစ်ကြိမ် (၁၀)ရက် တရားစခန်းပွဲများ ကျင်းပလျက်ရှိရာ ဝါတွင်းတရားစခန်းများ၌ အောက်ပါအဖွဲ့ချုပ်နာယက ဆရာတော်ကြီးများက တာဝန်ယူကြမည်ဖြစ်သည်။ ဝါဆိုလဆန်း ၆ရက် ဆရာတော် ဦးဓမ္မသာရ၊ ဝါဆိုလပြည့်ကျော် ၆ရက် ဦးဇနိတာလင်္ကာရ၊ ဝါခေါင်လဆန်း ၆ရက် ဆရာတော်ဦးအဂ္ဂဉာဏ၊ ဝါခေါင်လပြည့်ကျော် ၆ရက် ဆရာတော် ဦးကစ္စာယန၊ တော်သလင်းလဆန်း ၆ရက် ဆရာတော် ဦးပဏ္ဍိတ၊ တော်သလင်းလပြည့်ကျော် ၆ရက် ဆရာတော်ဦးစန္ဒာဝရာဘိဝံသ၊ သီတင်းကျွတ်လဆန်း ၆ရက် ဆရာတော်ဦးသောဘဏ ဆရာတော်များက ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများအဖြစ် တာဝန်ယူကြမည်ဖြစ်သည်။ (က-ပ)

အလုံလမ်းဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း အလုံမြို့နယ် အလုံလမ်းဓမ္မာရုံတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အရှင်မြတ်များအား ဇူလိုင်၁၃ရက်တွင်(၅၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲကို နံနက်ပိုင်းတွင် ကျင်းပမည် ဖြစ်သည်။

ဝါတွင်းကာလအတွင်း ဥပုသ်နေ့တိုင်း သံဃာတော်အရှင်မြတ်တို့က အဆိုပါ ဓမ္မာရုံ၌ သီလပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြောသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၁၀

ဆရာဦးခင်မောင်ဌေး ဦးစီး၍ အင်္ဂလိပ်စာသင်တန်းကို Four Skills Grammar-General English Course များနှင့် TOEFL သင်တန်းများ ပုံမှန်သင်ကြားလျက်ရှိသည်။

ထို့ပြင် အင်္ဂလိပ်စာ အရေးပညာ တန်းခွဲသစ်များ စတင်နေပြီဖြစ်ပြီး IELTS သင်တန်းကိုလည်း မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။ အခြေခံပညာ အထက်တန်းအဆင့်၊ ဘွဲ့ကြို၊ ဘွဲ့ရများ၊ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ၊ နိုင်ငံခြားပညာတော်သင် သွားရောက်လိုသူများအတွက် ရည်ရွယ်ပြီး သင်တန်းများကို နိုင်ငံတကာအဆင့်မီ ပို့ချလျက်ရှိသည်။

စိတ်ပါဝင်စားသူများ အမှတ်(၂၃) ၃ လမ်း၊ (၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန် ဖုန်း-၅၇၁၀၂၅ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပရိယတ္တိ သာသနနုဂ္ဂဟ ဆွမ်းဆန်အသင်း လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ဆန်အလှူအသင်းကြီး၏ (၂၁၉) ကြိမ်မြောက် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ဦးမောင်လေး ဒေါ်ကျုတ် တန်ဆောင်းတော်ကြီး၌ ဝါဆိုလပြည့်နေ့တွင် အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကိုယ်တိုင်ရေစက်သွန်းချမည်ဖြစ်ရာ စာသင်တိုက်ပေါင်း ၁၆၀ မှ စာချစာသင်သံဃာတော်အပါး ၁၇၀၀၀ကျော်တို့အား ဆွမ်းဆန်တင်းပေါင်း ၃၀၀၀ကျော် လှူဒါန်းမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

စက်မှုစွမ်းအား ၂၀ ခေတ်ကျော်လွှား

ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအမှန်တကယ်လိုလားလျှင်

တလောက ဘီဘီစီနဲ့ ဦးအေးသာအောင်တို့ ဆက်သွယ်မေးမြန်းခန်းမှာ ဦးအေးသာအောင်က ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လိုလားကြောင်း ပြောသွားတာ ကြားသိလိုက် ရပါတယ်။

ဒီပြောဆိုချက်ဟာ ပြည်သူအားလုံးရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီတာကြောင့် အလွန်နှစ်လိုဖွယ်သော စကားဖြစ်ပါတယ်။

သို့သော် ၁၄နှစ်တိုင်အောင် ကြာညောင်းခဲ့ပြီးဖြစ်သော်လည်း ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တည်ဆဲအစိုးရတို့ ညီညွတ်ရေးဟာ အကောင်အထည်မဖော်နိုင်သေးဘဲ ဖြစ်နေဆဲ ဖြစ်ပါတယ်။

ဒီလောက် အချိန်ကြာညောင်းခဲ့သည့်တိုင်အောင် အကောင်အထည် မဖော်နိုင်အောင် ဖြစ်နေရတာဟာ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်လောက်တဲ့ အခွင့်အခါမရှိခဲ့၊ မကြုံကြိုက်ခဲ့သေးလို့လား၊ လုံးဝမဟုတ်ပါ။ အတိတ်ကရော၊ ပစ္စုပ္ပန်မှာပါ ရှိခဲ့၊ ရှိဆဲဖြစ်ပါတယ်။

အဲဒါတွေကတော့-

(၁) နောက်တစ်လအတွင်းမှာ လွတ်လပ်တရားမျှတတဲ့ ပြည်သူ့ဆန္ဒခံယူပွဲ တစ်နိုင်ငံလုံးမှာ ကျင်းပနိုင်ဖို့ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိကြပါတယ်။ ပါတီစုံစနစ် ကြိုက်တဲ့အဖြေ ထွက်လာရင်လည်း အမျှတဆုံး အထွေထွေ ရွေးကောက်ပွဲများကို လွတ်လပ်တဲ့ ရွေးကောက်ပွဲကြီးကြပ်ရေး ကော်မရှင်များက ကြီးကြပ်ပြီး ကျင်းပပေးပါမယ်။ လွှတ်တော်မှာ များရာပါတီက အစိုးရဖွဲ့၊ ကျွန်တော်တို့က အဲဒီအစိုးရအဖွဲ့ကို လွှဲအပ်ပေးမယ်လို့ ဩဂုတ်လ ၂၄ ရက်နေ့က ကတိပေးပြီး ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တစ်ဦးတည်းက ပေးတဲ့ကတိ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးက စိတ်တူသဘောတူ စေတနာအစစ်အမှန်နဲ့ ပေးခဲ့ကြတဲ့ကတိပါလို့ ၁၉၈၈ ခု စက်တင်ဘာလ ၁ ရက်နေ့ ည ၈ နာရီအချိန် (၁၉၈၈ အရေးအခင်းကာလအတွင်းမှာ နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်ရဲ့ တိုင်းပြည်သို့ အသံလွှင့် ပြောကြားခဲ့တဲ့ မိန့်ခွန်း)ရယ်။

(၂) ၁၉၉၀ ပြည့်နှစ်မှာ နဝတအစိုးရက ရွေးကောက်ပွဲ ကျင်းပပေးခဲ့ပြီး ဇူလိုင်လ ၂၇ ရက်နေ့မှာ ကြေညာ ချက်အမှတ်-၁/၉၀ ကို ထုတ်ပြန်ကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကို ရွေးချယ်ခံ ကိုယ်စားလှယ်များနဲ့ တိုင်းပြည်သို့ အသိပေးကြေညာခဲ့တာရယ်။

(၃) ၁၉၉၃ ခုနှစ်မှာ နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပပေးခဲ့တာရယ်တို့ဟာ တည်ဆဲအစိုးရက ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး ကြိုးပမ်းချက်တွေ ဖြစ်ခဲ့သလို၊

နိုင်ငံရေးဦးတည်ချက် (၄)ရပ်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို နိုင်ငံရေးလုပ်ငန်းတာဝန် တစ်ရပ်အဖြစ် ချမှတ်ကာ-

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပပေးခဲ့ခြင်းဟာ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဖြစ်သလို အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် အကောင်းဆုံးနဲ့ အဆင့်အမြင့်ဆုံး တွေ့ဆုံဆွေးနွေးရေး စားပွဲဝိုင်းကို ဖန်တီးပေးခဲ့တာဖြစ်ပါတယ်။ ၁၉၉၅ ခုမှာ ဒေါ်အောင်ဆန်းစုကြည်ကို ကန့်သတ်ထားရာမှ ပြန်လွှတ်ပေးခဲ့ကာ ဖျက်သိမ်းထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒေသဆိုင်ရာ ပါတီအဖွဲ့အစည်းတွေ ပြန်ဖွင့်ခွင့်ပေးခဲ့တာရယ်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို အန္တရာယ်မပေးမည့် နိုင်ငံရေး အကျဉ်းသားတွေကို ကာလအလိုက် လွှတ်ပေးနေတာရယ်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အတိုက်အခိုက်ရပ်စဲပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို သက်ဆိုင်ရာလူမျိုးစုတွေနဲ့ လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်နေတာရယ်တို့ဟာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေးတို့အတွက် တည်ဆဲအစိုးရ ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေဖြစ်ပါတယ်။

ဒီလိုအခွင့်အခါနဲ့ အခြေအနေတွေရှိနေပါလျက် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးဟာလည်း ယနေ့အထိ အကောင်အထည်မဖော်နိုင်၊ တည်ဆဲအစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ ညီညွတ်ရေး၊ ရင်ကြားစေ့ရေးတို့ဟာ မရနိုင်သေးအောင် ဖြစ်နေရတဲ့အကြောင်းတရား (ဝါ) အတားအဆီးဟာဘာလဲ။

အဲဒါကတော့ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရား အယူမှားမှု၊ တစ်နည်းအားဖြင့် လက်ယာအချောင်သမား ဒီမိုကရေစီဝါဒ ဖြစ်ပါတယ်။ ဒီတရားကို ယုံကြည်ခံယူသူတွေဟာ ဒီမိုကရေစီနဲ့ ညီညွတ်ရေးဆိုတာ စိတ်ရှည်မှု၊ ဖွဲ့ရှိမှု၊ သည်းခံခွင့်လွှတ်မှုတွေနဲ့ စည်းရုံးတည်ဆောက်မှုတို့ဖြင့် ယူရတယ်ဆိုတာကို အသိအမှတ်မပြုကြဘဲ "လွတ်လပ်ရေးဆိုတာ တိုက်ယူမှရတယ်"ဆိုသလို၊ "ဒီမိုကရေစီကိုလည်း တိုက်ယူမှရနိုင်မယ်"၊ ပုံတူကူးယူရင် ရနိုင်တယ်လို့ သဘောပေါက်ယုံကြည်နေကြတယ်။

ဒီတော့အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုသူတွေဟာ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နှစ်ပွင့်ဆိုင်၊ သုံးပွင့်ဆိုင် ဆွေးနွေးအဖြေရှာရေးဆိုတာတွေကို ဝစီကံအားဖြင့် ပြောဆိုကြွေးကြော်နေကြသော်လည်း ကာယကံမြောက်အားဖြင့် တည်ဆဲအစိုးရကို စစ်ရေးအရ လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်မှုတွေ၊ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ဗုံးခွဲတိုက်ခိုက်မှုတွေ၊ လေယာဉ်ပြန်ပေးဆွဲမှုတွေ၊ သံရုံးဝင်စီးမှုတွေကို ကိုယ်တိုင်လုပ်ဆောင်နိုင်သူတွေရှိသလို ကိုယ်တိုင်မပါသော်လည်း ဒီလိုအကြမ်းဖက်လုပ်ဆောင်မှုတွေကို ဒီမိုကရေစီရေး လှုပ်ရှားမှုအဖြစ် ထောက်ခံအားပေးနေခြင်း၊ စီးပွားရေးကျဆင်းမှုကြောင့်လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုတွေ လုပ်လာအောင် တောင်းဆိုဆန္ဒပြခြင်း၊

ကျော်မြင့်နိုင်
(ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစု)

နိုင်ငံခြားအကူအညီပေးမှုတွေကို ကန့်ကွက်ဟန့်တားခြင်း၊ နိုင်ငံတကာမှ နာမည်မျိုးစုံနဲ့ အဖွဲ့အစည်းအမျိုးစုံနာမည်ခံပြီး ကိုယ့်တိုင်းပြည်အစိုးရကို စွဲချက်မျိုးစုံတင်ကာ နိုင်ငံတကာမှ ဝိုင်းပယ်၍ အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ လူ့ အခွင့်အရေး ချိုးဖောက်မှု၊ ဒီမိုကရေစီချိုးနှိမ်မှု စတာတွေဖြင့် တည်ဆဲအစိုးရကို အာဏာရှင်အစိုးရအဖြစ် ပုံပေါ်အောင် ပုံဖော်ဖန်တီးခြင်း စတာတွေကို ဒီမို ကရေစီလှုပ်ရှားမှု၊ ဒီမိုကရေစီရေး တိုက်ပွဲဝင်မှုတွေအဖြစ် ယုံကြည်လုပ်ဆောင်နေကြတယ်။

သက်ရောက်လာတဲ့ အကျိုးကတော့ ကုလသမဂ္ဂကိုယ်စားလှယ်တွေ ဘယ်လောက်လာပြီး ဆွေးနွေးစေ့စပ်ပေးသော်လည်း အေးချမ်းစွာအသွင်ကူးပြောင်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့ဟာ ဝေးကွာမြဲဝေးကွာနေသေးတယ်ဆိုတာကိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာပြည်အနှံ့ သွားလာလှုပ်ရှား စည်းရုံးရာမှ နောက်ဆုံးထိပ်တိုက်ရင်ဆိုင် အကြမ်းဖက်မှုတွေဖြစ်လာပြီး ရလဒ်အဖြစ် လူတွေသေ၊ ဒဏ်ရာတွေရအောင် ဖြစ်ခဲ့ရသည့် လူထုအတွင်း ပဋိပက္ခတွေက သက်သေခံနေပြီ ဖြစ်ပါတယ်။

ဒီလိုဘာကြောင့်ဖြစ်ရသလဲ၊ ဒီလိုသေဆုံးဒဏ်ရာရအောင်ဖြစ်ရတဲ့ ပဋိပက္ခမှာ ဘယ်သူကစလို့ ဆိုတာဟာ အဓိကမဟုတ်ဘဲ ဒီပဋိပက္ခဖြစ်ပေါ်စေတဲ့ အကြောင်းတရားဟာ အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ ငြိမ်းချမ်းမှုကို ဆန့်ကျင်တဲ့(တရား)ပဲ ဖြစ်ပါတယ်။ ဒီတရားရဲ့ အနှစ်သာရက တည်ဆဲအစိုးရကို ဖြုတ်ချ (သို့မဟုတ်) ပြုတ်ကျအောင်လုပ်ပြီး မိမိတို့ ပါတီအာဏာရမှ ဒီမိုကရေစီရမယ်ဆိုတဲ့ တည်ဆဲအစိုးရကို ဖြုတ်ချပြီး မိမိတို့ပါတီ အာဏာရရေး သဘောတရားသာ ဖြစ်နေသည့်အတွက် ဒီတရားဟာ ငြိမ်းချမ်းရေး တရားမဟုတ်ဘဲ ပဋိပက္ခဖြစ်ရေးတရားသာလျှင် ဖြစ်ပါတယ်။

ဒါကို တဲ့တိုးနဲ့ တိုက်ရိုက်ပြောရမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည် ရှေ့ဆောင်တဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လှုပ်ရှားစည်းရုံးမှုနဲ့ လူထုထောက်ခံမှုတွေဟာ တည်ဆဲအစိုးရကို ပြုတ်ကျစေပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အာဏာရရေး အင်အားပြပွဲသဘောသက်ရောက်နေတဲ့အတွက် တည်ဆဲအစိုးရကို လိုလားတဲ့ လူထုတွေကလည်း မိမိတို့ဟာ တည်ဆဲအစိုးရကို ထောက်ခံပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို မလိုလားကြောင်း ဆန္ဒပြခြင်းဖြင့် တုံ့ပြန်မှုဟာ လူထုအတွင်း ပဋိပက္ခဖြစ်လာရတာ ဖြစ်ပါတယ်။ ဒါဟာ လူ့ဆန္ဒနဲ့ ကင်းပြီး ခံယူချက်တရားရဲ့ လမ်းညွှန်ချက်မှ သက်ရောက်လာတဲ့ ဆိုးကျိုး ဖြစ်ပါတယ်။

ကမ္ဘာ့ဒီမိုကရေစီ ဖြစ်ထွန်းတိုးတက်မှုသမိုင်းကို လေ့လာကြည့်လျှင် ကမ္ဘာပေါ်မှာ ဒီမိုကရေစီဖြစ်ထွန်း တိုးတက်မှုဟာ လူ့ဆန္ဒကြောင့်မဟုတ်ဘဲ ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ထွန်းမှုမှ သက်ရောက်လာတဲ့ အကျိုးတရားသာ ဖြစ်ပါတယ်။

လူ့သမိုင်းမှာ ကုန်လုပ်ဆက်ဆံရေးတွေဖြစ်တဲ့ အစိုးရစနစ်တွေ၊ နိုင်ငံရေးစနစ်တွေ၊ တရားဥပဒေတွေ၊ ပညာရေး၊ ကျန်းမာရေးတွေ၊ ယဉ်ကျေးရေးတွေ စနစ်အားလုံးဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ ကာလအလိုက် တည်ရှိနေတဲ့ တိုးတက်ဖြစ်ထွန်းမှု (ကုန်လုပ်စွမ်းအားစုတွေရဲ့ နိုင်ငံရေးနဲ့ ယဉ်ကျေးရေး အသိဉာဏ်အဆင့်အတန်းတည်ရှိမှု)နှင့်အညီ ဖြစ်ထွန်းတိုးတက်လေ့ရှိပါတယ်။ ဒါကြောင့် "ကုန်လုပ်စွမ်းအားစုတွေရဲ့ ဖြစ်ထွန်းတိုးတက်မှုကို လူက ဖန်တီးလို့ ရနိုင်သော်လည်း ကုန်လုပ်ဆက်ဆံရေး ဖြစ်ထွန်းတိုးတက်မှုတွေကို လူ့စိတ်အလို ဆန္ဒအတိုင်း လုပ်ဆောင်ဖန်တီးရယူလို့ မရနိုင်ပါ"။

ဒါကြောင့် ကမ္ဘာ့နိုင်ငံရေးသမိုင်းမှာ တစ်စုံတစ်ခုသော အခြေအနေတွေကြောင့် ပါလီမန်ဒီမိုကရေစီသမ္မတ နိုင်ငံကို ထူထောင်လိုက်သော်လည်း ပါလီမန်ဒီမိုကရေစီအတွက် လိုအပ်တဲ့ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖြစ်ထွန်းမှု (ရုပ်အခြေခံ) မရှိသေးတာကြောင့် ပါလီမန်ဒီမိုကရေစီစနစ်မှ အာဏာရှင်စနစ်သို့မဟုတ် စစ်အုပ်ချုပ်ရေးစနစ်သို့ ပြန်လည်ဆိုက်ရောက်သွားတဲ့ဖြစ်ရပ်တွေ ကမ္ဘာပေါ်မှာ ဖြစ်ခဲ့၊ ဖြစ်ဆဲပါ။ မြန်မာနိုင်ငံရေးသမိုင်းမှာလည်း ဖြစ်ခဲ့ဖူးတာတွေက သက်သေပြပြီးဖြစ်ပါတယ်။

ဒီသဘောတရားအဓိပ္ပာယ်အရ စစ်မှန်ပြီး တည်တံ့ခိုင်မြဲတဲ့ ပါလီမန်ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို အမှန်တကယ်လိုလားလျှင်၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားရင်ကြားစေ့ ရေးကို အမှန်တကယ် လိုလားလျှင် ကုန်လုပ်စွမ်းအားစုတွေ တိုးတက်ဖြစ်ထွန်းရေးအတွက် တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်အောင်လုပ်ရန် လိုအပ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက်လိုလျှင် ယနေ့ကာလရဲ့ လိုအပ်ချက်အရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်သင့်ပါတယ်။

တိုင်းပြည်တစ်ပြည်မှာ စီးပွားရေးနိမ့်ကျ၊ ခေတ်နောက်ကျလေ လူတန်းစား ကွဲပြားမှုတွေ များပြားနက်ရှိုင်းလေဖြစ်ပြီး လူတန်းစားပဋိပက္ခတွေ များပြားပြင်းထန်လေ အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ အားနည်းလေဖြစ်တယ်ဆိုတာ ၁၉၄၈ ခုနှစ်မှ ယနေ့ထိ မြန်မာ့နိုင်ငံရေး လောကမှာ အတိတ်ကလည်း **အာဏာရှိ အာဏာမဲ့၊ ဥပဒေတွင်း ဥပဒေပ** နိုင်ငံရေးပါတီတွေ ရစရာမရှိအောင် ကွဲပြားခဲ့တာ ၁၉၈၈ ခုနှစ်အပြီး ပါတီစုံ ဒီမိုကရေစီ ဖွင့်ပေးလိုက်တဲ့အခါ ပါတီပေါင်း ၂၀၀ ကျော် မှတ်ပုံတင်တာ၊ ယနေ့ကာလ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးအင်အားစုတွေမှာလည်း နာမည်မျိုးစုံနဲ့ အဖွဲ့မျိုးစုံ ကွဲနေတာတွေက သက်သေပြနေပါတယ်။

ယနေ့ကာလမှာပြည်သူတိုင်းရဲ့ဆန္ဒဖြစ်တဲ့ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး လိုအပ်ချက်တို့ကို ဖြည့်စွမ်းပေးမယ့် ဈေးကွက်စီးပွားရေး(ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေး) အတွက် အမှန်တကယ်လိုအပ်ချက်ဟာ "အာဏာရှင်စနစ်ကျဆုံးမှ ဒီမိုကရေစီရမယ်" ဆိုတဲ့ အယူအဆအမှားကို ပြန်လည်သုံးသပ်စွန့်လွှတ်ပြီး တည်ဆဲအစိုးရဟာ ဘယ်အသွင်မှာရှိနေနေ တည်ဆဲအစိုးရကို မဟာမိတ်အဖြစ် အသိအမှတ်ပြု လက်တွဲသွားရန်နှင့်-

တည်ဆဲအစိုးရနှင့်လက်တွဲပြီး တိုင်းပြည်ကောင်းကျိုးကို ပူးပေါင်းလုပ်ဆောင်သွားကြမယ်ဆိုရင် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော် ပါဝင်ရေးကို သဘောတူလက်ခံပြီး **"ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးကို လုပ်ဆောင်သွားရေးနဲ့ တည်ဆဲအစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ငန်းတွေမှာ ပါဝင်ပူးတွဲလုပ်ဆောင်သွားရမယ်။ ကွဲလွဲချက်တွေကို စိတ်ရှည်သည်းခံ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးဖြင့် လုပ်ဆောင်သွားရေး"** တို့ဟာ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အခြားလမ်းမရှိတဲ့ တစ်ခုတည်းသောလမ်းဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၅** ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်းများ
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ဒုတိယနှစ်(မြန်မာစာ)
  - (ခ) တတိယနှစ် (ဘောဂဗေဒ)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း-၁၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား (အပိုင်း-၃၁)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ဓမ္မာရုံကျောင်း စာသင်တိုက် ဇာနည်မော်ဆရာတော် အရှင်ဇဋိလ (ပိဋကတစ်ပုံဆောင်)အမှူးပြုသော စာချ၊ စာသင်သံဃာတော်အပါး ၁၀၀ ကျော်တို့အား ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်တို့အား ဆုနှင်းသဘင်ကျင်းပမည်ဖြစ်သည်။ (က-ပ)

ရေချမ်းစင်အသင်း သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဇူလိုင် ၁၀

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာနေ့ ဇူလိုင်၁၃ ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်း အနီး ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်း လေးသွယ်တို့အနီးမှနေ၍ သောက်ရေသန့်ဘူးများကို တစ်နေကုန်ဒါနပြု လှူဒါန်းမည်။ ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



☆ ရှေ့ဖုံးမှ

အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန် ဓမ္မာစရိယ တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၉ရက်က ပထမမြန်မာနိုင်ငံ တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ အဓိကပုဂံနန်းတော်ရာ တူးဖော်မှု လုပ်ငန်းခွင်တွင် ဗိသနိုးမြို့ဟောင်း တူးဖော်ရာမှတွေ့ရှိသော မြေအရိုးအိုးများ၊ ကြေးဆီမီးခွက်၊ မြေဆီမီးခွက်၊ မြေရုပ်ဒိုးများ၊ မြေမီးဖုတ်ကနုတ်ပန်းခက်တို့ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သျှောင်ဦးခရိုင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် ဧရာဝတီမြစ်အတွင်းမှ မြစ်ရေများကို တင်ဆောင်၍ ပင်မရေမြောင်းကြီးများဖြင့် စိုက်ပျိုးမြေများသို့ ရေများ ပို့ဆောင်ပေးသည့် ပင်မရေမြောင်းကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုဂံနန်းတော်ရာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် ဇူလိုင် ၉ရက် နံနက်ပိုင်းတွင် ပထမမြန်မာနိုင်ငံ တည်ထောင်ခဲ့သည့် အနော်ရထာမင်းကြီး၏ အဓိက ပုဂံနန်းတော်ရာ တူးဖော်မှု လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရှာဖွေတွေ့ရှိထားသည့် ပုဂံနန်းတော်ရာ တူးဖော်မှုလုပ်ငန်းအခြေအနေ၊ တူးဖော်ရာမှတွေ့ရှိရသော အဆောက်အအုံ အစိတ်အပိုင်းများနှင့် အသုံးအဆောင်ပစ္စည်းများ တွေ့ရှိထားသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ ပျက်ယွင်းမှုမရှိအောင် ကျွမ်းကျင်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် စနစ်တကျ ထိန်းသိမ်းနေမှု၊ ဗိသနိုးမြို့ဟောင်းတူးဖော်မှုနှင့် ဗုဒ္ဓရုပ်ပွားတော်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ တွေ့ရှိမှု၊ လယ်ကိုင်းစန္ဒကူးကျောင်း ဒါယကာ ရဟန္တာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင်၉ရက်က သျှောင်ဦးမြို့နယ် အပူပိုင်းဒေသ စံပြစမ်းသပ်စိုက်ပျိုးရေးခြံ ဟုန်ပန်းကုမ္ပဏီ၏ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေသော ပုဂံစိုက်ကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြတ် အရှင်ပုဏ္ဏမထေရ်၏ မွေးရပ်မြေ၌ ကမ္ဗည်းတိုင်စိုက်ထူရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ပဏာမရှင်းလင်းတင်ပြသည်။

သုတေသနပြုမှုတင်ပြ

ထို့နောက် ရှေးဟောင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က အနော်ရထာမင်းကြီး၏ ပထမမြန်မာနိုင်ငံတော်ကြီး၏ နန်းတော်ရာကုန်း တူးဖော်သုတေသနပြုရာတွင် အုတ်ဖြင့် စနစ်တကျ ပြုလုပ်ထားသော မြေတိုက်ကြီးနှစ်ခု၊ မြေတိုက်ငယ်နှစ်ခု၊ တောင်–မြောက် ၈၅မီတာ အရှည်ရှိသော အုတ်ရိုးတန်းတစ်ခု၊ အရှေ့အနောက် မီတာ ၄၀ အရှည်ရှိသော အုတ်ရိုးတန်းနှစ်ခု၊ အုတ်ကြမ်းခင်းများ၊ တိုင်ကျင်းရာများ၊ ပုဂံခေတ်ရေနုတ်မြောင်း၊ ပုဂံခေတ် အနော်ရထာမင်း၏ နန်းတော်မှ အနောက်စမုတ်ဟု ယူဆရသော နေရာ၊ အိုးနှင့် အိုးကွဲများ အစုအဝေးလိုက် တွေ့ရှိရမှု၊ မြေအိုး ၅၃လုံး၊ မြေနားတောင်း ၇၃ခု၊ မြေရုပ်ဒိုး၊ မြေပုတီးစေ့ အပါအဝင် လူအသုံးအဆောင်ပစ္စည်းများ တွေ့ရှိရမှု၊ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ထိုထက် မပျက်စီးစေရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲစေရန် ခေတ်မီနည်းစနစ်များဖြင့် ကျွမ်းကျင်ဝန်ထမ်းများက စနစ်တကျ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဗိသနိုးမြို့ဟောင်း တူးဖော်ရာတွင် အကွက်ချ၍

သျှောင်ဦးခရိုင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧရာဝတီမြစ်အတွင်းမှ မြစ်ရေများကို စုပ်ယူတင်ဆောင်သည့် ရေပေါ်ရေတင်စက်ရုံကို ဇူလိုင် ၉ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

တူးခြင်းနှင့် ကျင်းရှည်တူးခြင်းစနစ်နှစ်မျိုးဖြင့် ဆောင်ရွက်နေမှု၊ တူးဖော်ရာမှ တွေ့ရှိမှုမှာ ဗိသနိုးနန်းတော်ရာအတွင်းရှိ ကုန်းအမှတ် (၁၂)မှ မာရာဘင်အုတ်ရိုးတန်းနှင့် အိုးခြမ်းကွဲ အနည်းငယ်နှင့် အရိုးစ အနည်းငယ်ကိုလည်းကောင်း၊ ကုန်းအမှတ် (၁၄)မှ မြို့ရိုးအုတ်လွှာများကိုလည်းကောင်း၊ ကုန်းအမှတ်(၁၇)မှ နန်းတော်ရာမြို့ရိုးကိုလည်းကောင်း၊ ကုန်းအမှတ်(၁၅)မှ မြို့၏ ကင်းမျှော်စင်ပန္နက်ကို လည်းကောင်း၊ ကုန်းအမှတ်(၁၃)မှ ဘာသာရေး အဆောက်အအုံတစ်ခု၏ ပန္နက်ပုံကိုလည်းကောင်း၊ ကုန်းအမှတ် (၁၆)မှ အိန္ဒိယနိုင်ငံ တက္ကသိုလ်မြို့အနီးရှိ မိုရ မိုရဒု ဆန်ဂရမ (Mohra Moradu Sangharama) ဒေသမှ စေတီတော်နှင့် တူသော စေတီတော်၏ ပန္နက်ပုံကိုလည်းကောင်း တူးဖော်တွေ့ရှိရကြောင်း၊ ထူးခြားသော တွေ့ရှိမှုမှာ ၂၀၀၃ခုနှစ် ဇွန်

၁၁ရက်က ဗိသနိုး[...]
တူးဖော်ကုန်း အမှတ်(၁၃[...]
ဗုဒ္ဓဆင်းတုတော် တစ်ဆူ၊ [...]
လောင်း တစ်လုံးနှင့် ကြေ[...]
အရွယ်စုံ လေးခုစသည့် [...]
ပစ္စည်းများကို တွေ့ရှိ[...]
ကြောင်း၊ ထိုကဲ့သို့ ဗိသုက[...]
အလာအားဖြင့် တည်ဆော[...]
ဗိသနိုးမြို့ဟောင်းမှ [...]
ဗုဒ္ဓသာသနိက အဆောက[...]
သည် ထေရဝါဒ ဗုဒ္ဓ[...]
များ တည်ဆောက်ထားခဲ့[...]
ညွှန်ပြနေကြောင်း၊ ယခုအ[...]
မြို့ဟောင်းတွင် တူးဖော်[...]
ကြေးဗုဒ္ဓ ဆင်းတုတော်[...]
ခေါင်းလောင်းတို့က ဗိ[...]
ပျူလူမျိုးတို့၏ ဘာသာ[...]
သာသနိက ပစ္စည်းအဖြ[...]
ဘာသာရေးဆိုင်ရာ အနုပ[...]
ပစ္စည်းအဖြစ်လည်း မှတ်[...]
ကြောင်းဖြင့် ရှင်းလင်းတ[...]

ပျူခေတ်သုတေသန[...]

ထို့နောက် အတွင်း[...]
ဗိုလ်ချုပ်ကြီးခင်ညွန့်က [...]
ရှေးဟောင်းယဉ်ကျေးမှု လ[...]
ပျက်ယွင်းမှုမရှိအောင် [...]
ထိန်းသိမ်းရေး၊ ဗိသနိုး[...]
တူးဖော်ရာမှ တွေ့[...]
သာသနာရေးဆိုင်ရာ၊ လူမှု[...]
အထောက်အထားများအ[...]
သမိုင်းပညာရှင်များနှင့်အ[...]
သမိုင်းကို ဆက်လက်သု[...]
ဖော်ထုတ်ကြရေး မှာကြာ[...]

ယင်းနောက် အတွင်းရေ[...]
အဖွဲ့ဝင်များသည် ဗိသနိုး[...]
တူးဖော်ရာမှ တွေ့ရှိသော[...]
အိုးများ၊ မြေမီးဖုတ်၊ ကနု[...]
ကြေးဆီမီးခွက်၊ မြေ[...]
မြေရုပ်ဒိုးများကို ကြည့်[...]
ကြသည်။

ကြည့်ရှုလေ့လာ[...]

ဆက်လက်၍ အတွင်း[...]
ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် [...]
များသည် ပုဂံခေတ်ရှေးဟော[...]
များ ပြုပြင်ထိန်းသိမ်းရာ[...]
သော ဗုဒ္ဓရုပ်ပွားဆင်းတုတေ[...]
ပုဂံအနော်ရထာမင်း န[...]
ဟောင်း တူးဖော်ရာမှ တွေ့[...]
ရှေးဟောင်းအသုံးအဆော[...]
များကို ကြည့်ရှုလေ့လာ[...]

ထို့နောက် အတွင်း[...]
ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အ[...]
သည် အနော်ရထာမင်းကြီး[...]
ပုဂံနန်းတော်ရာ တူးဖော်[...]
ရသည့် မာရာဘင်အုတ်ရိုးမျ[...]
တိုင်များ၊ အုတ်ခင်း ကြ[...]

စီးပွားကူးသန်း ရှေ့သို့လှမ်း

အစိကပုဂံနန်းတော်ရာကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များ ဇူလိုင်၉ရက်က အနော်ရထာမင်းကြီး၏ အစိက ပုဂံနန်းတော်ရာ တူးဖော်သည့်နေရာများကို လှည့်လည်ကြည့်ရှု လေ့လာစဉ်။ (သတင်းစဉ်)

၁၁ရက်က ဗိသနိုးမြို့ဟောင်း တူးဖော်ကုန်း အမှတ်(၁၃)မှ ကြေးဗုဒ္ဓဆင်းတုတော် တစ်ဆူ၊ ကြေးခေါင်းလောင်း တစ်လုံးနှင့် ကြေးဆီမီးခွက် အရွယ်စုံ လေးခုစသည့် သာသနိကပစ္စည်းများကို တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဗိသုကာ အစဉ်အလာအားဖြင့် တည်ဆောက်သော ဗိသနိုးမြို့ဟောင်းမှ အစောဆုံး ဗုဒ္ဓသာသနိက အဆောက်အအုံများသည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ တည်ဆောက်ထားခဲ့ကြောင်းကို ညွှန်ပြနေကြောင်း၊ ယခုအခါ ဗိသနိုးမြို့ဟောင်းတွင် တူးဖော်တွေ့ရှိရသော ကြေးဗုဒ္ဓ ဆင်းတုတော်နှင့် ကြေးခေါင်းလောင်းတို့က ဗိသနိုးမြို့ရှိ ပျူလူမျိုးတို့၏ ဘာသာရေးဆိုင်ရာ သာသနိက ပစ္စည်းအဖြစ်သာမက ဘာသာရေးဆိုင်ရာ အနုပညာလက်ရာ ပစ္စည်းအဖြစ်လည်း မှတ်တမ်းတင်နိုင်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ပျူခေတ်သုတေသနပြုရေး

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က ပုဂံရှေးဟောင်းယဉ်ကျေးမှု လက်ရာများ ပျက်ယွင်းမှုမရှိအောင် စနစ်တကျ ထိန်းသိမ်းရေး၊ ဗိသနိုးမြို့ဟောင်း တူးဖော်ရာမှ တွေ့ရှိရသော သာသနာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အထောက်အထားများအရ မြန်မာ့သမိုင်းပညာရှင်များနှင့်အတူ ပျူခေတ်သမိုင်းကို ဆက်လက်သုတေသနပြုဖော်ထုတ်ကြရေး မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗိသနိုးမြို့ဟောင်း တူးဖော်ရာမှ တွေ့ရှိသော မြေအရိုးအိုးများ၊ မြေမီးဖုတ်၊ ကနုတ်ပန်းခက်၊ ကြေးဆီမီးခွက်၊ မြေဆီမီးခွက်၊ မြေရုပ်ဒိုးများကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပုဂံခေတ်ရှေးဟောင်းဘုရားများ ပြုပြင်ထိန်းသိမ်းရာမှ တွေ့ရှိရသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ပုဂံအနော်ရထာမင်း နန်းတော်ရာဟောင်း တူးဖော်ရာမှ တွေ့ရှိရသော ရှေးဟောင်းအသုံးအဆောင် ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီး၏ အစိကပုဂံနန်းတော်ရာ တူးဖော်ရာမှ တွေ့ရှိရသည့် မာရဘင်အုတ်ရိုးများ၊ အတွင်းတိုင်များ၊ အုတ်ခင်း ကြမ်းပြင်နှင့် တိုင်အောက်ခံ ကျောက်ခွက်များ၊ အုတ်စီတိုင်ကျင်းရာများ၊ မြေတိုက်နှင့် စမ်းသပ်တွင်းအသစ်များ တူးဖော်နေမှုနှင့် တွေ့ရှိမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

နန်းမြင့်မျှော်စင်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်နှင့် ဟိုတယ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ Htoo Trading Co., Ltd ဥက္ကဋ္ဌ ဦးတေဇက နန်းမြင့်မျှော်စင် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းများပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တည်ဆောက်သွားမည့် အစီအစဉ်ကို ဗိသုကာပုံစံငယ်ဖြင့်လည်းကောင်း၊ ဟိုတယ်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကားချပ်များဖြင့်လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က နန်းမြင့်မျှော်စင်ကြီးကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး အရှည်ခိုင်ခံ့အောင် တည်ဆောက်ရေး၊ ခံ့ညားထည်ဝါသည့်အပြင် မြင်ကွင်း၌ ရှေးဟောင်းပုဂံယဉ်ကျေးမှု အငွေ့အသက်ကို ရှုမြင်ခံစားစေရအောင် စီစဉ်တည်ဆောက်ရေး မှာကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ နန်းမြင့်မျှော်စင်မှာ အောက်ခြေ ၁၃၈ပေ ကျယ်ပြီး အမြင့် ၁၉၈ပေ ရှိမည်ဟုသိရသည်။ နန်းမြင့်မျှော်စင်တွင် ညီလာခံခန်းမ၊ အစည်းအဝေးခန်းမ၊ ရုံးခန်း၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်၊ စားသောက်ဆိုင်နှင့် ရှုမျှော်ခင်းကြည့်ရန် နေရာများ ပါရှိမည်ဟု သိရသည်။

စံပြစိုက်ပျိုးရေးခြံ

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ်ရှိ အပူပိုင်းဒေသ စံပြစမ်းသပ်စိုက်ပျိုးရေးခြံ ဟုန်ပန်းကုမ္ပဏီ၏ ပုဂံစိုက်ကွင်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ပုဂံစိုက်ကွင်း တာဝန်ခံ ဦးကျော်နိုင်က ပုဂံစိုက်ကွင်း၏ စိုက်ဧက ၈၂ဒသမ ၁၅ဧကတွင် လုံရယ်၊ အုန်း၊ စပျစ်၊ ကျွဲကော၊ လိမ္မော်၊ သရက်နှင့် ရာသီ သီးနှံပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်က လိုအပ်သည်များမှာကြားပြီး ပုဂံစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော စပျစ်စိုက်ခင်း၊ အုန်းစိုက်ခင်း၊ ကျွဲကောနှင့် လိမ္မော် စိုက်ခင်းတို့ကို ကြည့်ရှုကြသည်။

လျှပ်စစ်မြစ်ရေတင်

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးခရိုင် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းမှ မြို့ပြလုပ်ငန်းဖြစ်သည့် အရှည်ပေ ၃၀၅၀၀ ရှိ မြောင်းမကြီး၊ အရှည်ပေ ၁၅၇၀၀၀ ရှိ လက်တံမြောင်း ၁၂ခု တည်ဆောက်ပြီးစီးနေမှု၊ အသုံးပြုမည့် ရေစုပ်စက် ၄၂လုံး တပ်ဆင်ဆောင်ရွက်နေမှု၊ လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းလျာထားချက်မှာ ဧက ၁၁၀၀၀ ဖြစ်ပြီး ယခုလက်ရှိ စမ်းသပ်ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဖြန့်ဝေသော ရေဖြင့် ဧက ၁၂၇၀၀တွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါ၊ ပဲအမျိုးမျိုးစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရေပေါ်ရေတင်စက်ရုံကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များမှာကြားပြီး ရေပေါ်ရေတင်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြပြီး အသစ်တည်ဆောက်ပြီးစီးနေသော အရေးပေါ်နှင့် ပြင်ပလူနာကုသဆောင်သစ်နှင့် သံဃာဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပုဂံညောင်ဦး လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၉ ရက်က ပခုက္ကူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် အသစ်တည်ဆောက်ပြီးစီးနေသော အရေးပေါ်နှင့် ပြင်ပလူနာကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်(၂၂၂)ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို (၂၆)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ သင်ကြားစီမံ နာယကချုပ်ဆရာတော် အမှူးပြုသော သံဃာတော် ၁၀ပါးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယဆရာတော် ငါးပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းတို့ကို ဇူလိုင် ၁၃ရက်၊ တနင်္ဂနွေနေ့ (ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
၈:၁၅ ၇။ ကျေးပင်အက်ရေလှောင်တမံ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၃၅ ၉။ International News.
၈:၄၅ ၁၀။ English For Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ **နိုင်ငံ့သားကောင်းဟူသည် (ဌေးဝင်း၊မြင့်ဝေ၊သန်းဝင်း၊ ကျော်ရှိန်၊တင်တင်အိ၊ တင်မို့မို့အေး) (ဒါရိုက်တာ-ဌေးဝင်း)**
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၅:၅၅ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၆:၀၅ ၁၀။ ဝင်ငွေကောင်းသည့် သီးနှံသစ်မက္ကာဒေးမီးယား
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြဇာတ် (မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်လူငယ်များ)**
၇:၂၀ ၁၅။ ကမ္ဘာ့လူဦးရေနေ့တေးများ
၇:၃၀ ၁၆။ ရှောတိုင်း၏အလှတစ်ပါးဒါးကတံတား
၇:၄၅ ၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း တစ်ယောက်ကတစ်ယောက်ကို (အပိုင်း-၂) (ဒွေး၊စိုးမြတ်သူဇာ၊ချိုပြုံး) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
၂၂။နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြတ်စွာဘုရား အာရုံခံတန်ဆောင်းတော်ကြီးအတွင်း၌ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်းငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော် ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တဝါယမ (သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက) ဓမ္မကထိက အရှင်မြတ်သည် ၁၃၆၅ခုနှစ် ဝါဆိုလပြည့် ဥပုသ်နေ့မှစ၍ သီတင်းကျွတ်လပြည့်အထိ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

✪ ကရင်ပြည်နယ်မှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒုံသမိတံတားကိုလည်းကောင်း၊ ဒုံသမိချောင်း ပတ်ဝန်းကျင်၌ ပုစွန်မွေးမြူရန် ပြင်ဆင်နေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့သည် ဘားအံမြို့နယ် တရပ်လုစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျောင်းခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်က တရပ်လု စံပြကျေးရွာ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးက ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေး၊ပညာရေးကိစ္စရပ်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ကျေးရွာအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးဒေါက်တာမြဦးက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါး၊ ပုစွန်၊ကြက်မွေးမြူရေးတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တရပ်လုစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းလုယဉ်မေက သင်ထောက်ကူစာသင်ခန်း ဖွင့်လှစ်ပြီးစီးမှု အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များ မှာကြားသည်။

တရပ်လုကျေးရွာကို စံပြကျေးရွာ အဖြစ် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ စံပြကျေးရွာအဖြစ် ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ တရပ်လု စံပြကျေးရွာသို့ ရောက်ရှိစဉ် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြိုင်ကလေးရှိတစ်နေ့တန် ၄၀၀၀ ကျ ဘိလပ်မြေစက်ရုံသို့သွားရောက်ရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးအောင်မင်းက စက်ရုံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များမှာကြားပြီး စက်ရုံကိုလည်းကောင်း၊ စက်ရုံ၏ ပင်မထိန်းချုပ်ခန်းကိုလည်းကောင်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံအတွင်းရှိ ပလတ်စတစ်ဖျင်ရက်စက်ရုံနှင့် ဘိလပ်မြေအိတ် ထုတ်လုပ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဘိလပ်မြေအိတ်သွတ်ခြင်းနှင့် မော်တော်ယာဉ်များပေါ်သို့ ဘိလပ်မြေအိတ်များ တိုက်ရိုက်တင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကွန်ပျူတာကောလိပ်

ထိုမှတစ်ဆင့် ဘားအံမြို့ အစိုးရ ကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ တာဝန်ခံကျောင်းအုပ်ဒေါ်စိုးစိုးမင်းက ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားမှုတို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး (၂) က လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ဘားအံခရိုင်နှင့် ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာများ ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်က ပြည်နယ်၏အကျယ်အဝန်း၊ ခရိုင်နှင့် မြို့နယ်များ ဖွဲ့စည်းထားမှု၊ ပြည်နယ်၏ အသားတင်စိုက်ပျိုးမြေဧက၊ မိုးစပါး၊နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ စပါးအထွက်နှုန်း၊ စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ပြီးစီးမှုများ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စီမံကိန်းရည်မှန်းချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ လူတစ်ဦးချင်း၏ဝင်ငွေတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ဘားအံမြို့ဇွဲကပင်ခန်းမ၌ ကရင်ပြည်နယ် ဘားအံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံ မှာကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ ဦးဆောင်ဦးရွက်ပြုလမ်းညွှန်မှုများနှင့်အညီ မိမိတို့ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ ကြိုးစားပမ်းစားပူးပေါင်း ဆောင်ရွက်မှုများကြောင့် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေအရပ်ရပ်မှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိကြောင်း၊ပြည်နယ်၌ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ပူးပေါင်းဆောင်ရွက်မှုရာနှုန်းပြည့်၊ ကွက်ပြည့်ရရှိမည်ဆိုပါက အရှိန်အဟုန်ရှိရှိ ယခုထက် ပိုမိုဖွံ့ဖြိုးသွားမှာ သေချာနေကြောင်း၊ ယခင်က ငြိမ်းချမ်းမှုမရှိ ကျီးလန့်စာစားနေခဲ့ရသည့် နယ်စပ်ဒေသများ၌ပင် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိပြီး အပြန်အလှန် နားလည်စာနာမှု၊ ယုံကြည်မှုတို့ကို တည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ ယင်းဒေသများသည် အံ့မခန်းဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

အပြည့်အဝ ဆောင်ရွက်ပေးနေ

နိုင်ငံတော်အစိုးရအနေဖြင့် အခြားပြည်နယ်၊တိုင်းများနည်းတူပင် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်းတူရည်တူ မျှမျှတတ လုပ်ကိုင်ဆောင်ရွက် ပေးသင့်သည်များကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် လမ်းများဖောက်၊ တံတားများတိုးချဲ့ ဆောက်လုပ်ပေးခဲ့ရာ ယခုအခါ ပြည်နယ်အတွင်း လမ်းအရှည်မိုင်၇၅၀ခန့် ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ရန်ကုန်-ဘားအံ၊ ဘားအံ-မော်လမြိုင် လွယ်ကူလျင်မြန်စွာ သွားလာနေကြပြီဖြစ်ကြောင်း၊ သံလွင်မြစ်ကူး(ဘားအံ)တံတား၊ ဂျိုင်းတံတား (ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်) တံတား၊ဒေါ်လန်းတံတား၊ယွန်းစလင်း တံတား၊ လှိုင်ဝတံတား၊ ဒုံသမိရထားတံတား၊ မဲကနယ်တံတား စသည်တို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အလားတူ မိုက္ကရိုဝေ့ဖ်စခန်း၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ ကျေးလက် ဆက်သွယ်ရေးစခန်းတို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ခဲ့ကြောင်း။

ပညာရေးကဏ္ဍ၌အခြေခံပညာကျောင်း ၁၇၃ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ရာ ကျောင်းပေါင်း ၁၃၂၂ကျောင်း ရှိနေပြီဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် ဧပြီလအတွင်းကပင် ဘားအံဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီးသလို အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာ ကောလိပ်၊ ပညာရေးကောလိပ်တို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာတို့ကို လက်လှမ်းတမီသင်ကြားနိုင်အောင် ပညာတတ်များပေါ်ထွက်လာအောင် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ၌လည်း ဆေးရုံပေါင်းရှစ်ခု တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆရာဝန်ပေါင်း ၁၃၁ဦး ခန့်ထားပေးခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင်နယ်စပ်ဒေသဖွံ့ဖြိုးရေး သီးခြားအစီအစဉ်များဖြင့်လည်း ကျပ်သန်း ၂၀၀၀ကျော် အကုန်အကျခံ၍ လုပ်ကိုင်ဆောင်ရွက်ပေးမှုများစွာရှိကြောင်း။

မျှမျှတတဖွံ့ဖြိုးရန်

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်မှာ ပြည်နယ်၊တိုင်းအားလုံး၊ နယ်မြေဒေသအားလုံး ဆူကြုံနိမ့်မြင့် ကွာဟမှုလျော့နည်းပြီး မျှမျှတတတစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန်ဖြစ်ကြောင်း။

ဒေသအဆင့်ဆင့်၌ အုပ်ချုပ်ရေးတာဝန်ခံများ၊ ဝန်ထမ်းများသည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဆောင်ရွက်ပေးထားသောလုပ်ငန်းများ

လယ်ယာကဏ္ဍ

၁။ တာတမံအရှည်၂မိုင်နှင့် ရေနုတ်မြောင်း၂၂ဒသမ၂မိုင်ကို တည်ဆောက် ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးမြေဧက ၁၃၆၀၈ဧကကို အကျိုးပြုထားသည်။

၂။ ဘားအံမြို့နယ် မဲဘောင်-နောင်လုံချောင်းဒေသလယ်မြေ၊ မြေရိုင်း ဖော်ထုတ်ခြင်းလုပ်ငန်း (ကျေးရွာဆည်မြောင်းလုပ်ငန်း) အပိုင်း(၁)အဖြစ် အကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၃-၂၀၀၄ခုနှစ်တွင် စိုက်ပျိုးမြေ ဧက၅၀၀၀ ပထမအဆင့်အဖြစ် ပေါ်ထွက်လာမည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

၁။ သံလွင်တံတား(အားအံ)ကို ၃-၈-၉၇ရက်တွင် လည်းကောင်း၊ ဂျိုင်း(ဇာသပြင်)တံတားကို ၂၄-၃-၉၉ရက်တွင် လည်းကောင်း၊ ဂျိုင်း(ကော့ကရိတ်)တံတားကို ၂၂-၅-၉၉ရက်တွင် လည်းကောင်း၊ ဒေါ်လန်း တံတားကို ၂၂-၃-၉၉ရက်တွင်လည်းကောင်း၊ ဒုံသမိရထားတံတားကို ၁၉-၁-၀၂ရက်တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး လှိုင်ဝတံတား၊ မဲကနယ်တံတားနှင့် အခြားတံတားငယ် အမျိုးအစားများကို တည်ဆောက်ခဲ့သည်။

၂။ ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းစုစုပေါင်း ၇၄၈မိုင်ကျော် ဖောက်လုပ်ပြီးခဲ့သဖြင့် ပြည်နယ်၌ လမ်းပိုင်းအရှည် ၁၉၄မိုင်တိုးတက်လာသည်။ ဘားအံ-မော်လမြိုင် လွယ်ကူလျင်မြန်စွာ သွားလာနိုင်သည့် မော်တော်ကားလမ်းပေါက်ပြီဖြစ်သည်။

၃။ မိုက္ကရိုဝေ့ဖ်စခန်းသုံးခု၊ ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှစ်ခု၊ အော်တိုအိတ်ချိန်း နှစ်ခု၊ ကျေးလက်ဆက်သွယ်ရေးစခန်း ၁၀ခု တည်ဆောက်ပြီးဖြစ်သည်။

ပညာရေးကဏ္ဍ

	ယခင်	ယခု
၁။ အခြေခံပညာကျောင်းများ (အထက+အလက+အမက+မူလတန်းလွန်)	၁၁၄၉	၁၃၂၂
၂။ တက္ကသိုလ်	-	၁
၃။ ကောလိပ်များ	၁	၃

ကျန်းမာရေးကဏ္ဍ

	ယခင်	ယခု	
၁။ ဆေးရုံ	၁၇	၂၅	[တိုက်နယ်ဆေးရုံ (၇)ခုနှင့် မြိုင်ကလေး ၂၅-ခုတင်ဆံ့ ဆေးရုံတိုးချဲ့ခြင်း]

၂။ ၁၆-၁၀-၉၁ ရက်၌ ဘားအံပြည်နယ်ခုတင်-၁၅၀ဆံ့ ဆေးရုံကြီးကို ခုတင်-၂၀၀ဆံ့ ခေတ်မီအထူးကုဆေးရုံကြီးအဖြစ်လည်းကောင်း၊၁၄-၃-၉၇ ရက်နေ့၌ မြဝတီ၂၅-ခုတင်ဆံ့ဆေးရုံကို ခုတင်-၅၀ဆံ့ ဆေးရုံအဖြစ် အထူးကုဆရာဝန်များ ခန့်ထား၍ လည်းကောင်း အဆင့်တိုးမြှင့်ခဲ့သည်။

	ယခင်	ယခု
၃။ ဆရာဝန်	၆၃	၁၃၁
၄။ ကျေးလက်ကျန်းမာရေးဌာန	၃၈	၄၄

✻ ချော့တိုင်းလည်း မပျော့နဲ့

ကျိုက္ကစံ–ဓမ္မပိယ သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလလမ်း ကျိုက္ကစံ–ဓမ္မပိယ သာသနာ့ရိပ်သာတွင် (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်ကျော် ၁၄ရက် (ဇူလိုင် ၂၇ရက်) နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များ ကြွရောက်ကြရန် ကျောင်းအကျိုးဆောင်အဖွဲ့က ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြိုင်ကလေး တစ်နေ့တန် ၄၀၀၀ကျ ဘိလပ်မြေစက်ရုံ၏ ပင်မထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၁၀ မှ

နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာနှင့် ရည်မှန်းချက်ကို နားလည်သိရှိပြီး တက်တက်ကြွကြွ မှန်မှန်ကန်ကန် မိမိတို့၏လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကိုယ်စားပြု၍ နိုင်ငံတော်ကိုတာဝန်ခံ၍ အလုပ်လုပ်နေသူများ၊ တာဝန်ရှိသူများဖြစ်၍ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား မှန်ကန်စွာ ပေါင်းကူးဆက်စပ်ပေးရန်တာဝန်ရှိကြကြောင်း၊ မိမိ၏အပြုအမူ၊ အပြောအဆို၊ အကျင့်ကြံကြောင့် မိမိဌာနကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း အထင်အမြင်လွဲမှားမှု မရှိရအောင် သတိထား လုပ်ကိုင်ကြရန် အရေးကြီးကြောင်း။

ပြည်နယ် ဖွံ့ဖြိုးရေး၊ တိုင်းပြည်တိုးတက်ရေးအတွက် စေတနာထားပြီး ဖိဖိစီးစီး အလုပ်လုပ်ခြင်းဖြင့် ပြည်သူများကို ပိုမိုစောင့်ရှောက်ကူညီသွားရန်ဖြစ်ကြောင်း၊ ယခုတစ်တိုင်းပြည်လုံးအနေဖြင့်လည်းကောင်း၊ ပြည်နယ်အနေဖြင့်လည်းကောင်းရရှိထားပြီး ဖြစ်သော အခြေအနေကောင်းများကို အသုံးချပြီး အရှိန်အဟုန်ရှိရှိ ပိုမိုဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန်၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံ ခိုင်မြဲစေရန် ကြိုးပမ်းကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက မှာကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ရှိရှိ လမ်းညွှန်မှုများနှင့် တိုင်းပြည်အတွက် သန့်စင်မွန်မြတ်သော စေတနာများဖြင့် ချမှတ်ပေးသော လုပ်ငန်းစဉ်များကို မိမိတို့အားလုံး လက်တွေ့အကောင်အထည်ဖော်လာနိုင်သဖြင့် ပြည်ထောင်စုကြီး တစ်ရပ်လုံးရော၊ ပြည်နယ်၊တိုင်း ဒေသအသီးသီးပါ အရှိန်အဟုန်ရှိရှိ တိုးတက်ဖွံ့ဖြိုးအောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

ပူးပေါင်းပါဝင်

သို့ရာတွင် ကရင်ပြည်နယ်နှင့် အချို့သော နယ်မြေဒေသများ၌ သောင်းကျန်းမှု အန္တရာယ်များ ရှိနေသေးပြီး၊ လုံခြုံရေးအပြည့်အဝမရှိသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပေးလိုသည့် စေတနာရှိသော်လည်း ဆောင်ရွက်မပေးနိုင်သည်များ ရှိနေကြောင်း၊ သောင်းကျန်းမှုချုပ်ငြိမ်းပြီး ရာနှုန်းပြည့် အဖြူရောင်နယ်မြေဖြစ်ပေါ်ရေးလုပ်ငန်းကို တပ်မတော်ကသာ ဆောင်ရွက်နေ၍ မဖြစ်ဘဲ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ပေါင်းစပ်ရယူ၍ လုပ်ကိုင်ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း၊ တပ်မတော်နှင့် ပြည်သူ ဟန်ချက်ညီညီနားလည်မှုရှိရှိ လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်မှလည်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ပြီး မိမိတိုင်းပြည်၊ မိမိလူမျိုး အဓွန့်ရှည်စွာ ရပ်တည်နိုင်အောင် ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်မှာဖြစ်ကြောင်း။

မှန်ကန်သောခံယူချက်

တပ်မတော်သားများအပါအဝင်နိုင်ငံ့ဝန်ထမ်းအားလုံးသည် မိမိကိုယ်စားပြုထားသောဌာနအလိုက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ နိုင်ငံနှင့်လူမျိုးကောင်းစားရေးအတွက် ကျယ်ပြန့်သော အမြင်၊ မှန်ကန်သော ခံယူချက်များဖြင့် ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ လုပ်ကိုင် ဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့် ပြည်သူ အကျိုးစီးပွားအတွက်ပင်ဖြစ်ကြောင်း။

ကာကွယ်တားဆီး

၁၉၈၈ ခုနှစ် ဆူပူမှု အရေးအခင်းကဲ့သို့ တိုင်းပြည်အတွက် အန္တရာယ်မျိုး ထပ်မံ မကျရအောင် မိမိတို့အားလုံး ကာကွယ် တားဆီးသွားကြရမှာဖြစ်ကြောင်း၊ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ အဖျက်အဆီးမခံရအောင်၊ ထို့ပြင် မိမိကိုယ်တိုင်လည်းမပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမှာဖြစ်ကြောင်း၊ မိမိတို့၏ အရည်အသွေး တိုးတက် မြင့်မားအောင် ကြိုးစားရမှာဖြစ်သကဲ့သို့ လုပ်ငန်းဆိုင်ရာလုပ်နည်းလုပ်ဟန်များကိုလည်း ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်အောင် အဆင့်ဆင့် ကြပ်မတ် ကွပ်ကဲပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်နယ် ဖွံ့ဖြိုးရေး၊ တိုင်းပြည် တိုးတက်ရေးအတွက် စေတနာထား ပူးပေါင်းကြိုးပမ်းသွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ဆရာမများအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက်ဘားအံပညာရေးကောလိပ်သို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများ၊ လုပ်ငန်းခွင် အကြိုဆရာ အတတ်သင်တန်း အပတ်စဉ်(၇) သင်တန်း တက်ရောက်လျက်ရှိသည့် သင်တန်းသူများနှင့်တွေ့ဆုံရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ဘားအံ ပညာရေးကောလိပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆရာမလောင်းများအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ကိုယ်စီရှိရုံသာမက ကျောင်းသား၊ ကျောင်းသူများအားလည်း ပြည်ထောင်စုကြီးကို ချစ်ခင်မြတ်နိုးတတ်သူများဖြစ်အောင် သင်ကြားပေးကြရန်နှင့် မိမိတို့ကိုယ်တိုင်လည်း အရည်အသွေးပြည့်ဝသော ဆရာမများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များဖြည့်စွက် မှာကြားပြီး အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဘားအံ ပညာရေးကောလိပ်အတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် ဘားအံတက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ဒုတိယပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ကထိကများ၊လက်ထောက်ကထိကများက ကြိုဆိုကြသည်။

ထို့နောက် ခန်းမဆောင်၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က ဘားအံတက္ကသိုလ်၌ သင်ကြားပေးလျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)နှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့က ပညာရည်မြင့်တင်ရေးလုပ်ငန်းများနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း ဆက်စပ်လျက်ရှိရာ တက္ကသိုလ်ဆရာ ဆရာမများအနေဖြင့် မိမိတို့၏မွန်မြတ်သော အခန်းကဏ္ဍကို တန်ဖိုးရှိရှိ ဂုဏ်ရှိရှိ တို့ဖြင့်ခံယူပြီး နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း နှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဆက်ကပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ပဓာန နာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဘားအံမြို့ အမှတ်(၃) ရပ်ကွက်၌ ခေတ္တသီတင်းသုံးလျက်ရှိသည့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့သည် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၉ရက် နံနက် ၇နာရီခွဲတွင် ဘားအံ–မော်လမြိုင် အဖြောင့်လမ်း ဘားအံမြို့နယ် ဖဲကလာ ရေနက်ကွင်း၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရေချို ငါး၊ ပုစွန်ကန်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ရေချို ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုများ၊ ငါးကန်တူးဖော်ပြီးစီးမှုများနှင့် ပုစွန်သားပေါက် ထည့်နေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

မြေရိုင်းများဖော်ထုတ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့နယ် မဲဘောင် – နောင်လုံဒေသ လုပ်မြေမြေရိုင်း ဖော်ထုတ်ခြင်းလုပ်ငန်း၏ ရေမြောင်းကြီးများ တူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်နှင့် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့ကရှင်းလင်းပြသကြသည်။

ဆည်မြောင်း ဦးစီးဌာနက ဘားအံမြို့နယ် မဲဘောင်–နောင်လုံ ဒေသ၌ လုပ်မြေ မြေရိုင်း ၂၅၄၆၅ ဧကကို ဖော်ထုတ်၍ တစ်နှစ်နှစ်သီး စိုက်ပျိုးနိုင်စေရန် မြောင်းမကြီးနှင့် လက်တံများ တူးဖော်ပေးလျက်ရှိသည်။

လုပ်မြေမြေရိုင်း ၂၅၄၆၅ဧက ဖော်ထုတ်ခြင်းလုပ်ငန်းများကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာလက စတင်၍ အဆင့်အလိုက် ခွဲခြား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေသွင်းရေထုတ် ကောင်းမွန်စေရန် အရှည်ပေ ၁၃၇၈၀၀ ရှိ မြောင်းမကြီးနှစ်ခုနှင့် အရှည်ပေ ၂၇၀၀၀ရှိ လက်တံမြောင်းသုံးခု တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဘားအံ–မော်လမြိုင် အဖြောင့်လမ်းတစ်လျှောက် ဆည်မြောင်းဦးစီးဌာနက မြေတူးစက်ကြီးများဖြင့် မြောင်းမကြီးဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက စက်ယန္တရားကြီးများ ထပ်မံဖြည့်ဆည်း၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်မှာကြားကာ မွန်ပြည်နယ်သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ဘားအံမြို့သို့ ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

မန္တလေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဖောက်ခွဲဖျက်ဆီးရေး ပြုလုပ်ရန် ဝင်ရောက်လာစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ဖောက်ခွဲရေးသမားတစ်ဦးသေဆုံး

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော်အစိုးရသည် ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ရွက်၍ ဆောင်ရွက်လျက်ရှိသော်လည်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော ဆန့်ကျင်ဘက်အဖွဲ့အစည်းများ အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ခြင်း၊ အဖျက်အမှောင့်လုပ်ငန်းများ ပြုလုပ်ခြင်းတို့ကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ရက် ည ၈နာရီခွဲခန့်တွင် မော်လမြိုင်မြို့အနီး ကိုဝချောင်းတံတားအောက်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က စေလွှတ်ခဲ့သော ဖောက်ခွဲရေးသမားတစ်ဦးသည် မော်လမြိုင်မြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်ရန် ပြင်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

မြန်မာနိုင်ငံတစ်ဝန်းမှ နိုင်ငံတော်အစိုးရ၏ စေတနာအသီးအပွင့်များ

ကလီထော်ရေလှောင်တမံ

ကလီထော်ရေလှောင်တမံကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်အစပ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁၊ ၂၊ ၃)တို့၏ မြောက်ဘက် ငါးမိုင်ခန့်အကွာ ပျဉ်းမဒေါကျေးရွာအနီးတွင် တည်ဆောက်ထားသည်။

ကလီထော်ရေလှောင်တမံကို ကလီထော်ချောင်းပေါ်၌တည်ဆောက်ထားပြီး ရေဆင်းဧရိယာမှာ ၇ဒသမ၆စတုရန်းမိုင်ရှိသည်။ တမံမှာ မြေသားတမံဖြစ်ပြီး အမြင့် ၆၅ပေ၊ အလျားပေ ၃၅၀၀ ရှိသည်။

ကလီထော်ရေလှောင်တမံမှ ဟင်းသီးဟင်းရွက်ဇုန် (၁၊ ၂၊ ၃)တို့ရှိ စိုက်မြေဧက ၉၀၀၀ အတွက် ရေပေးဝေလျက်ရှိသည်။

[ဓာတ်ပုံမှတ်တမ်းတင်–အောင်မိုး(ကြေးမုံ)]

ဓာတ်ပုံမှတ်တမ်းတင်–
အောင်မိုး(ကြေးမုံ)
ရွှေအင်းသား–ခင်မောင်ဝင်း
ခရမ်းစိုးမြင့်

ဘွက်ကြီးရေလှောင်တမံတည်ဆောက်

မကွေးတိုင်း အောင်လံမြို့နယ် အရှေ့ဘက် ၂၆မိုင်အကွာ ဒန်းဒေါင့်ရွာအနီးရှိ ဘွက်ကြီးရေလှောင်တမံကို ဘွက်ကြီးချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည်။

တမံအမြင့် ၁၁၃ပေနှင့် တမံအလျားပေ ၄၆၂၀ရှိသော မြေသားတမံဖြင့် ရေဧကပေ ၇၃၁၉၀ကို သိုလှောင်မည်ဖြစ်သည်။ လယ်မြေဧကတစ်သောင်းကို ရေပေးဝေနိုင်ရန် ရည်ရွယ်တည်ဆောက်သော စီမံကိန်းဖြစ်သည်။

[ဓာတ်ပုံမှတ်တမ်းတင်–အောင်မိုး(ကြေးမုံ)]



ရေအားလျှပ်စစ်ဖြန့်ဖြူးမည့်ပေါင်းလောင်းတမံ

ပျဉ်းမနားမြို့မှ ၁၁ မိုင်အကွာတွင် တည်ဆောက်လျက်ရှိသော ပေါင်းလောင်းရေလှောင်တမံသည် ဘက်စုံစီမံကိန်းအရ ဆည်ရေပေးဝေရန်နှင့် ရေအားလျှပ်စစ် ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂၈၀ထုတ်လုပ်မည်ဖြစ်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြေအောက်လိုဏ်ခေါင်းတွင် တည်ဆောက်မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ဆောက်ခြင်းဖြစ်သည်။ ရေအားလျှပ်စစ်အပြင် လယ်မြေဧက ၃၅၀၀၀ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ် ၁၆၉၆၅ သန်းခန့် အကုန်ကျခံဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်းတင်–ရွှေအင်းသား–ခင်မောင်ဝင်း)

ပွန်ချောင်းတံတား

ရထားပို့ဆောင်ရေးအသင်း မြန်မာ့မီးရထား အင်ဂျင်နီယာအဖွဲ့က အောင်မြင်စွာ တည် ဆောက် လိုက် သော ရှမ်းပြည်နယ် တောင်ပိုင်း ရွှေညောင်–နမ့်စန်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတွင် ပါဝင်သည့် ပွန်ချောင်းတံတားကြီးကို တွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်းတင်–ခရမ်းစိုးမြင့်)



မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ညောင်ဦးမြို့နယ် တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်မိမိနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်၁၁နာရီခွဲတွင် ညောင်ဦးမြို့နယ် တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိကြရာ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းဦး၊ ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဆွေ၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ်နှင့်အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် တာဝန်ရှိသူများ၊ တောင်ဘစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညိုမောင်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်အမာရီနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကြိုဆိုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ တွေ့ဆုံဆွေးနွေးပွဲကို အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အမှုဆောင်အဖွဲ့ဝင် ဒေါ်မော်မော်ရှိန်က ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက စံပြကျေးရွာ သတ်မှတ်ချက်အင်္ဂါရပ်များ အစဉ်ပြည့်စုံနေစေရေး၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ရေး၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ထို့နောက် တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ အတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားဆေးများ၊ အားဖြည့်အချိုရည်ဘူးများ နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေမိသားစုနှင့် အလှူရှင်များ၏ အလှူငွေကျပ်တစ်သိန်းတို့ကို အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်အမာရီထံ ပေးအပ်ပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် ကျေးရွာအတွင်း လှည့်လည် ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ညောင်ဦးမြို့နယ် တောင်ဘစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဂန့်ဂေါမှ ကလေးဝသို့သွားရန် မြစ်သာမြစ်ပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့က တည်ဆောက်ထားသည့် မြစ်သာမြစ်ကူးတံတားကို ဇွန် ၁၈ရက်က ဤသို့ လှပစွာတွေ့ရသည်။

(ဓာတ်ပုံ-ရေချမ်းမြင့်)

☆ **ပညာရေးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဒေသဖွံ့ဖြိုးရေး အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဖော်ဆောင်ခဲ့သဖြင့် ယခုအခါ နယ်စပ် ဒေသများပါမကျန် ငြိမ်းချမ်းသာယာ လျက်ရှိနေရာ ယင်းအနက် ပုံတောင်၊ ပုံညာမှ ယော-ဆော-ဂန့်ဂေါဒေသ များသည်လည်း တစ်ခုအပါအဝင်ဖြစ် သည်။

ယင်းနေ့က ဂန့်ဂေါကိုရောက်တော့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနမှ ဓာတ်ပုံဆရာ ကိုကျော် သန်းဆွေက ကြေးမုံအဖွဲ့ကို ကြိုနေ သည်။ သူက ကြေးမုံသတင်းအဖွဲ့ကို ခရိုင်ပြန်ဆက် ဦးစီးအရာရှိ ဦးကျော် သန်းထွန်းနှင့်မိတ်ဆက်ပေးသည်။ ခရိုင် ဦးစီးအရာရှိက သူ၏ရုံးအပေါ်ထပ်တွင် လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံရင်း ဂန့်ဂေါ ခရိုင်နှင့် ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေး ပိုင်းမှ တာဝန်ရှိသူများနှင့် မိတ်ဆက် ပေးသည်။ ၎င်းတို့မှာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဗိုလ်မှူးအောင်သွင်၊ ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်း၊ မြန်မာ့မီးရထား ရုံပိုင်ကြီး ဦးကိုကို အောင်၊ သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူး ဦးအောင်မြင့်တို့ ဖြစ်ကြသည်။

ထိုလက်ဖက်ရည်ပွဲတွင် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူးဗိုလ်မှူးအောင်သွင်က ရှင်းပြ၍ သိခွင့်ရခဲ့သည်မှာ ဂန့်ဂေါ ခရိုင်အတွင်း မိုးစပါးအထူးဇုန်၊ နွေစပါး အထူးဇုန်၊ နွေနှမ်းအထူးဇုန်၊ ဆောင်း နေကြာ အထူးဇုန်များ သတ်မှတ်၍ စိုက်ပျိုးခဲ့ရာ မိုးစပါးအထူးဇုန်မှ စိုက် ဧက၂၅၀၀ စိုက်ပျိုးခဲ့ရာ ၂၅၆၂၅တင်း ထွက်ရှိခဲ့ပြီး အထွက်နှုန်းမှာ တစ်ဧက ၁၀၂ဒသမ ၆၅တင်း ထွက်ရှိခဲ့သည်။

နွေစပါးအထူးဇုန်မှ စိုက်ဧက ၈၇၂၀ စိုက်ပျိုးခဲ့ရာ စပါးတင်းပေါင်း၇၈၄၈၀၀ တင်း ထွက်ရှိခဲ့သည်။ တစ်ဧကအထွက် နှုန်းမှာ တင်း၉၀ဖြစ်သည်။ နွေနှမ်း အထူးဇုန်မှ ၁၁၂၉ဧက စိုက်ပျိုးခဲ့ရာ နှမ်းတင်း၁၄၆၇၇ထွက်ရှိခဲ့၍ တစ်ဧက အထွက်နှုန်း၁၃တင်းဖြစ်သည်။ ဆောင်း နေကြာအထူးဇုန်မှ ဧက၅၀၀၀စိုက်ပျိုး ခဲ့ရာ တင်း၇၀၀၀၀ ထွက်၍ တစ်ဧက အထွက်နှုန်းမှာ ၁၄တင်းဖြစ်ကြောင်း သိရသည်။

စပါးနှင့် အခြားသီးနှံများ တစ်နှစ် ပတ်လုံး စိုက်ပျိုးသွားနိုင်ရန်အတွက် ဂန့်ဂေါခရိုင်၌ ဆည်ပေါင်း ၂၅၆ခု တည်ဆောက်ထားသည်ဖြစ်၍ ထိုဆည် များမှ စပါးသီးနှံဧက ၂၂၂၈၇ ဧကကို အကျိုးပြုလျက်ရှိနေပေပြီ။

စပါးအပြင် ဂန့်ဂေါခရိုင်၌ ဆီထွက် သီးနှံနှစ်ရှည်ပင် သစ်ဆိမ့်၇၀၆၇၇၅ပင် စိုက်ပျိုးထားသည်။ ထို့အပြင် ငရုတ် ကောင်းနှင့် ဆီးချဉ်သီးပင်များလည်း စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိ နေသည်။

နယ်စပ်/စည်ပင်

ဂန့်ဂေါမြို့နယ်အတွင်း လူထု သောက်သုံးရေ ဖူလုံစေရန်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၁၂ရက် ဂန့်ဂေါခရီးစဉ်၌ လမ်းညွှန်မှာကြားချက်အရ နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက် အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာနမှ ငွေကျပ် သိန်း၁၀၀၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ကျပ်သိန်း၁၀၀၊ သစ်တောရေးရာဝန်ကြီးဌာနမှ ကျပ် သိန်း ၁၀၀၊ ဂန့်ဂေါမြို့ ပြည်သူလူထုမှ ကျပ်သိန်း ၁၀၀ စုစုပေါင်း ကျပ်သိန်း ၄၀၀မတည်၍ မြစ်သာမြစ်မှမြစ်ရေတင် လုပ်ငန်း တစ်ခုပြုလုပ်ပြီး မြို့တွင်းသို့ ရေပေးနေသည်ဟု သိရသည်။

ထို့အပြင်ဂန့်ဂေါခရိုင်၌ မြို့နယ်နှင့် ကျေးလက်ဒေသ တယ်လီဖုန်းဆက်သွယ် ရေးလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ချက်အနေဖြင့် ဂန့်ဂေါ မြို့နယ် တယ်လီဖုန်းအိတ်ချိန်းတွင် မြို့တွင်းတယ်လီဖုန်းအလုံး၃၂၀တပ်ဆင် ထားပြီး အနယ်နယ်အရပ်ရပ်သို့ ဆက်သွယ်နိုင်ရေးအတွက် ဂန့်ဂေါ မိုက်ခရိုဝေ့ဗ်မှ ဖုန်း -၀၆၂-၂၂၁၀၀၊ ၂၂၁၀၁၊ ၂၂၁၀၃၊ ၂၂၁၁၁၊ ၂၂၅၀၁၊ ၂၂၅၁၁၊၂၂၅၁၂၊ ၂၂၁၁၀အထိ လိုင်းများရှိပြီး အိတ်ချိန်းနှင့် တိုက်ရိုက် ခေါ်ဆိုမှု နှစ်လိုင်း၊ ကျေးလက်ဒေသနှင့် တိုက်ရိုက်တစ်လိုင်းဆက်သွယ်ထားပြီး ထီးလင်းမြို့တွင် ဇ၃လုံးဂြိုဟ်တု ဖုန်း- ၀၁-လေးလုံး တပ်ဆင်ထားကြောင်း သိရသည်။

ပြန်ကြားရေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာနကလည်း ကျေးလက် စာကြည့်တိုက်များအဖြစ် ဂန့်ဂေါမြို့နယ် တွင်၄၇ခု၊ ထီးလင်းမြို့နယ်တွင် စာကြည့်တိုက် ၄၃ခု၊ ဆောမြို့နယ်တွင် စာကြည့်တိုက်၆၅ခုဖွင့်လှစ်ပေးထားပြီး ကျေးရွာနေ ပြည်သူများ၏ စုပေါင်း လှူဒါန်းမှုဖြင့် အများနှင့်သက်ဆိုင်သော နေရာများတွင် ကြည့်ရှုနိုင်ရန် ရုပ်မြင် သံကြားစက် ထားရှိ ပြသလျက်ရှိနေ သည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီး ဌာနက ထုတ်ဝေလျက်ရှိသော သတင်း စာများကိုလည်း ကျေးရွာအရောက် ဖြန့်ဖြူးပေးလျက်ရှိသည်။ အလားတူ ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများလည်း အဘက်ဘက်က တိုးတက်နေပြီဖြစ်၍ ဂန့်ဂေါခရိုင် ယောနှင့်ဆောဒေသသည် ယခုအခါ ဖွံ့ဖြိုးတိုးတက် အလှဝေလျက် ရှိနေပါ ကြောင်းကို ကြေးမုံသတင်းအဖွဲ့က ကွင်းဆင်းလေ့လာ မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

မြစ်ရေတင် လုပ်ငန်း

ဂန့်ဂေါမြို့လူထု သောက်သုံးရေဖူလုံရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဂန့်ဂေါမြို့နေ ပြည်သူတို့၏ စုပေါင်း ထည့်ဝင်ငွေကျပ် သိန်း၄၀၀ နှင့် ဆောင်ရွက်လျက်ရှိသည့် မြစ်သာမြစ်မှ မြစ်ရေတင်လုပ်ငန်းကို ကြေးမုံသတင်းအဖွဲ့က ဤသို့ မှတ်တမ်းတင်ခဲ့သည်။ (ဓာတ်ပုံ-ရေချမ်းမြင့်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် သီးနှံစိုက်ခင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၈နာရီ ၁၀မိနစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ဖြတ်သန်းကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင် မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများလိုက်ပါလျက်မော်တော် ယာဉ်များဖြင့် တောင်ကြီး– ဟဲဟိုး– အောင်ပန်း–ပင်လောင်း ကားလမ်း အတိုင်း လမ်းများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီတွင် အောင်ပန်းမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ဆက်လက် ထွက်ခွာကြရာ နံနက် ၁၀နာရီတွင် ကျောက်မီးသွေးလောင်စာသုံးဓာတ်အား ပေးစက်ရုံ စီမံကိန်း (တီကျစ်)သို့ ပေးပို့ရန်အတွက် ရှမ်းရိုးမနဂါး ကုမ္ပဏီ လီမိတက်၏ ကျောက်မီးသွေး တူးဖော် ရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ကျောက်မီးသွေးများ တူးဖော်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် လျှပ်စစ် စွမ်းအား ဝန်ကြီးဌာန မြန်မာ့ လျှပ်စစ် ဓာတ်အားလုပ်ငန်း၏ ကျောက်မီးသွေး သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း (တီကျစ်)သို့ ရောက်ရှိကြရာ ရှင်းလင်း ဆောင်၌ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့ဝင်များအား မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယ အင်ဂျင်နီယာချုပ်ဦးဌေးမြင့်က စက်ရုံ အတွက် လိုအပ်သော Boiler Make -up တစ်နာရီ ရေဂါလန် ၁၁၀၀၀နှင့် Circulating Cooling water Make -up အတွက် တစ်နာရီ ရေဂါလန် ၇၅၀၀၀ရယူနိုင်ရန် ဘီလူး ချောင်းရှိ ရေရရှိနိုင်သည့် ပင်စိမ်းစုရွာနှင့် ထီရိရွာကြားရှိ နေရာနှင့် ကလော မြို့နယ်နှင့် ပင်လောင်းမြို့နယ် အကြား မိုင်တိုင် (၁၅/၀)ရှိ ဘေလီတံတား နေရာများကို တိုင်းတာခဲ့ပြီး ပင်စိမ်း စုရွာနှင့် ထီရိရွာအကြားရှိ Water Supply Source တစ်နေရာကို ရွေးချယ်၍ Pump နှင့် weirများ စတင် တည်ဆောက်လျက်ရှိကြောင်း နှင့် စက်ပစ္စည်းများ စိစစ်ရွေးချယ်ခဲ့မှု အခြေအနေ၊ စက်ပစ္စည်းများ ရောက်ရှိမှု အခြေအနေ၊ ဆောင်ရွက်ပြီး လုပ်ငန်း များနှင့် ဆက်လက် ဆောင်ရွက်ရန် ရှိသော လုပ်ငန်းများအခြေအနေတို့နှင့် စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က ဖြည့်စွက် မှာကြားကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက နိုင်ငံတော်အကြီးအကဲ ၏ လမ်းညွှန်ချက်နှင့်အညီ စက်ရုံ စတင်လည်ပတ်ပါက ထွက်ရှိလာသော ဓာတ်အားများကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်စေ ရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန်တို့အတွက် သတ်မှတ်ထားသော ကာလအတွင်း ဓာတ်အားပေးစက်ရုံကို အမြန်တပ်ဆင်ပြီးစီးအောင် ဆောင်ရွက် ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်း ရေး၊သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ စက်ပစ္စည်းများ တပ်ဆင်တည်ဆောက် အသုံးပြုရေး၊ စီမံကိန်းလေလွင့်မှုမရှိ စေရန် ဆောင်ရွက်သွားကြရေး မှာကြား သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် မော်တော် ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ကုန်းမြင့်လယ်ယာ ဖြင့် ဒေသထွက်ကုန် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ ဆက်လက်ထွက်ခွာပြီး ကလောမြို့နယ် လမိုင်းကျေးရွာအနီး ပင်လောင်း– ကလော–တောင်ကြီးကားလမ်း နံဘေး ၌ ရှမ်းပြည်နယ်မှ ထွက်ရှိသော ဒေသ ထွက်ကုန် ဂေါ်ဖီထုပ်များကို ရန်ကုန် မြို့သို့ တင်ပို့ရန် မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုကာ ဒေသခံ ဂေါ်ဖီစိုက်ပျိုးသူ တောင်သူများအား အားပေးစကားပြောကြားသည်။

ဂေါ်ဖီစိုက်ခင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ကလော မြို့နယ် လမိုင်းကျေးရွာအုပ်စု ရွာသစ်ရွာ ၌ တောင်သူဦးထွန်းလှ၏ မြေဧရိယာ ၁ဒသမ၂၅ဧက၌ ဂေါ်ဖီပင်တစ်သောင်း ငါးထောင် စိုက်ပျိုး ဖြစ်ထွန်းအောင်မြင် နေမှုကို လည်းကောင်း၊ မြေတောက်ပဲ တစ်ဧက စိုက်ပျိုးထားရှိမှုကို လည်း ကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိ သူများအားလိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် လမ်း တစ်လျှောက် ဂေါ်ဖီစိုက်ခင်းများနှင့် အာလူးစိုက်ခင်းများကို မော်တော် ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ကလော မြို့နယ် သာမိုင်းခမ်းကျေးရွာအနီး၌ အောင်ပန်းမြို့မှ ဦးသိန်းဝင်း၏ သုခ မြိုင်ပန်းသီးခြံ၌ မြေဧရိယာ ၂၃ဧကတွင် ပန်းသီးပင် ၄၀၀၀စိုက်ပျိုးထားရှိမှု၊ ပန်းသီးပင်များ ပျိုးထောင်ထားရှိမှု၊ လေးနှစ်သားအရွယ် ပန်းသီးပင်များမှ အသီးများ သီးနေမှုနှင့် ပန်းသီးခြံ အတွင်း သီးညှပ်အဖြစ် ပြောင်းဖူး၊ပဲ၊ ပဲပုပ်၊ နေကြာများ စိုက်ပျိုးထားရှိမှု တို့ကို ကြည့်ရှုအားပေးပြီး လိုအပ် သည်များကို မှာကြားသည်။

အဆိုပါ သုခမြိုင်ပန်းသီးခြံမှ ပန်းသီး နှင့် သီးညှပ်စိုက်ပျိုးရာမှ ရရှိသော ဝင်ငွေမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၂၀ခန့်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ပန်းသီးစိုက်ခင်း များ အောင်မြင်ဖြစ်ထွန်းနေမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာအောင်ပန်း– တောင်ကြီး ကားလမ်းနံဘေး၌ ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန၏ ဝန်ထမ်းသက်သာအဖြစ် စိုက်ပျိုး လျက်ရှိသည့် ဘိန်းအစားထိုးသီးနှံ အာလူးစိုက်ခင်း ယာယီရှင်းလင်း ဆောင်သို့ ရောက်ရှိကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ဒေသခံတောင်သူများ အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားပြီး ပြည်နယ် မြေ စာရင်းဦးစီးဌာန၏ ဝန်ထမ်းသက်သာ အာလူးစိုက်ခင်းနှင့် ဒေသခံတောင်သူ ဦးကြီးများ၏ အာလူးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရန်အတွက် ကုန်းမြင့်လယ်ယာမြေများကိုဖော်ထုတ် ခဲ့ရာ ဟိုမိန်းမြို့နယ် ပန်တဝိဒေသ၊ ကလောမြို့နယ် သာမိုင်းခမ်းဒေသနှင့် မြင်းမထိဒေသ၊ ကွန်ဟိန်းမြို့နယ် မြို့မ (၁)၊ ဖယ်ခုံမြို့နယ် ရွှေပြည်အေးနှင့် တောင်ကြီးမြို့နယ် မြို့မ(ဆေးတပ်)တို့၌ စုစုပေါင်း မြေဧရိယာ ၁၈၉ဒသမ ၂၅ ဧကဖော်ထုတ်နိုင်ခဲ့ကြောင်းသိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင်အတွင်း တောင်သူများ စိုက်ပျိုး ထားသော စိုက်ခင်းများမှ အာလူး တစ်ဧကလျှင် ပိဿာ ၅၀၀၀မှ ပိဿာ ၈၀၀၀အထိ ထွက်ရှိ၍ တစ်ဧကဝင်ငွေ ရှစ်သိန်းခန့်အထိ ရရှိကြပြီး ဂေါ်ဖီ တစ်ဧကတွင် ဂေါ်ဖီထုပ် ၁၃၀၀၀အထိ ထွက်ရှိသဖြင့် ဝင်ငွေကျပ် ခုနစ်သိန်း အထိ ရရှိနေကြပြီး ဖြစ်သည်။

ဝင်ငွေကောင်းမွန်လျက်ရှိ

ရှမ်းပြည်နယ်တစ်ခုလုံး၌ ၂၀၀၂– ၂၀၀၃ခုနှစ်တွင် အာလူး ၃၇၁၉၁ဧက၊ ဂေါ်ဖီ ၉၇၃၅ ဧက စိုက်ပျိုးလျက်ရှိရာ ထွက်ရှိသော သီးနှံများကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ သာစည်မြို့များမှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ပို့ဆောင် ဖြန့်ဖြူးလျက်ရှိသဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာ ထုတ်လုပ်ရေးလုပ်ငန်း များ၌ တစ်ဖက်တစ်လမ်းမှ အင်ပြည့် အားပြည့် ဖြည့်ဆည်းပေးနိုင်လျက်ရှိပြီး ဒေသခံတောင်သူများလည်း ဝင်ငွေ အထူးကောင်းမွန်လျက်ရှိကြောင်း သိရှိ ရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် ညနေပိုင်း တွင် တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

အိုင်ဒီယာနှစ်နှစ်ပြည့် အထိမ်းအမှတ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၀

နှစ်နှစ်ပြည့် (၂၄)အုပ်မြောက် အထိမ်းအမှတ်အဖြစ် ပါဝင်နေကျ ကဏ္ဍများအပြင် တိုးချဲ့လိုက်သော ကဏ္ဍများပါဝင်သည့် ဇူလိုင်လထုတ် Idea ရသစုံမဂ္ဂဇင်း **(အပေါ်ပုံ)**ကို အမှတ် (၁၂၇) မြေညီထပ် (၄၃)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်သည်။ (က–ပ)

မြောက်တိုင်းလည်း မမြောက်နဲ့

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အမှတ်(၂၆၅)ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်ရှိ အသင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူ များသည် ဦးအေးလွင် (ဥက္ကဋ္ဌ)ဖုန်း–၅၄၉၆၉၁၊ ဦးမိုးမြင့်(အတွင်းရေးမှူး)ဖုန်း– ၇၀၁၁၄၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အစိုးရဌာနပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ဇူလိုင်လအတွက် (၁၃–၇–၂၀၀၃) ရက်နေ့

နှင့်

(၂၇–၇–၂၀၀၃) ရက်နေ့

မွေးနေ့ဆုမွန်

ချစ်ဖေဖီး"ပ"

(၁၁–၇–၂၀၀၃)ရက်နေ့မှာကျရောက်သည့် မွေးနေ့မှသည် နှောင်နှစ် (၁၂၀)တိုင်အောင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ကိုကို–ဦးတင်သိန်း

သားသား–လည်လည်

သားငယ်လေး– ဆုမို

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်းနေဦးဌေးလွင် [လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန]–ဒေါ်အုံးကြည်တို့၏ သား

မောင်ဗိုလ်မင်း (Cavendish College London, UK) နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်နေသီဟသူရဦးသိန်းထွန်းတင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)–ဒေါ်အမာသင်းတို့၏ သမီးလတ်

မမြသဲဖြူ B.Sc (Hons)(Computing and Information System)

Oxford Brookes University, UK

တို့သည်၂၉–၆–၂၀၀၃ရက်နေ့တွင် Sedona Hotel၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် တရားရုံးချုပ်တရားသူကြီး ဦးထွန်းရှင် ၏ ရှေ့မှောက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပြီးစီးပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်ဗိုလ်မင်း–မမြသဲဖြူ။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၂၀၀၃ခုနှစ် ဇူလိုင် ၆ရက်(တနင်္ဂနွေနေ့)တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာ လက်ဆောင်မွန် ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေအား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း အားလည်းကောင်း၊ မင်္ဂလာ ဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း နှင့်ဇနီး ဒေါ်ခင်သန်းဝင်းအားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အောင်လှိုင်နှင့်ဇနီး ဒေါ်ခင်ဝင်းနွယ်အားလည်းကောင်း၊ ဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ နှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊မင်္ဂလာ ပန်းကြဲပေးသော မယမင်းနိုင်၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မသူသူမျိုးစစ်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနီလာသန္တာငြိမ်း တို့အားလည်းကောင်း၊ မင်္ဂလာ သတို့သားနှင့် သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးကြသော မောင်ချမ်းငြိမ်းသူနှင့် မနန္ဒာဦးတို့အား လည်းကောင်း၊ မိတ်ကပ်ဆံပင်အလှပြင် ခင်စန်းဝင်းနှင့် အဖွဲ့၊ ပန်းအလှပြင် ဒေါ်စန်းစန်းဦး၊ Wedding Course ပြုလုပ်ပေးသော Micasa Hotel (Phoenix Beauty Centre)၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့် အဖွဲ့၊ တေးဂီတEmperor အဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော Traders Hotel မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဗိုလ်မင်း–မမြသဲဖြူ။

မင်္ဂလာဦးဆုမွန်

မောင်လေးဗိုလ်မင်းနှင့် ညီမလေးသဲသဲတို့၏ ၆–၇–၂၀၀၃ရက် မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် စိတ်တူကိုယ်တူ အေးအတူပူအမျှ ပျော်ရွှင်ချမ်းမြေ့ ပြီးပြည့်စုံသော မိသားစုဘဝလေးကို ရာသက်ပန် တည်ဆောက်နိုင်ပါစေ။

ချစ်မမ–ချိုသဲဖြူ၊ ချစ်ကိုကြီး–ဗိုလ်ထွန်း

ချစ်တူမလေး–ကူးကူး၊ ချစ်တူလေး–သားငယ်။

ပါဆိတ်စစ်စစ်စားလိုသူများ

ပန်းပွင့်သစ်

ကိုဝင်းမှ စိတ်ချရစွာဝယ်နိုင်

၅ ပိဿာနှင့်အထက်မှာယူအားပေးသူတိုင်းအား အခမဲ့ အိမ်အရောက်ပို့ပေးနေပါသည်။

☎ :226817,226834,681310,251230,660283,02-80227

ရွှေဆိုင်

တိတ်စိန်ရွှေဆိုင်

စိတ်ချရသည် .....

ဘွိုင်လာရောင်းမည်
ဖုန်း –၇၀၀၉၇၆၊ ၇၀၈၃၈၀။

ရွှေပါ (1)
TV-VIDEO
Ph-203523

အာရှမော်တော်ဝပ်(ရှ်)
ASIA MOTOR WORKS.

1. Mercedes Benz 230
2. Fiat 1100
3. Datsun Double Cap
4. Volkswagen
5. FORD Anglia
6. Fiat 128

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅]
ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး နယ်တရားမရုံး၌
၂၀၀၃ခုနှစ် တရားမကြီးအမှုအမှတ် –၁၁

ဦးတင်လှပါ –၂ နှင့် **ဦးဌေးအောင်ပါ –၁၁**
တရားလို **တရားခံ**

(၁) ဦးဌေးအောင်၊ တိုက်အမှတ်(၂၅)၊ (၇)လွှာ၊ ဇီဇဝါလမ်း၊ ရေကျော်၊ အမှတ်(၉)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်။ (၂)ဒေါက်တာချိုချိုမောင်(ခ)မောင်မောင်ချို၊ ၆၅၊ ဗဟိုလမ်း၊ ငွေကြာယံရိပ်သာ၊ တောင်ဥက္ကလာပမြို့နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးတင်လှပါ –၂ဦးက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ် ဇူလိုင်လ ၃၁ရက် (၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၃ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သောင်းထွန်း(တိုင်းတရားသူကြီး)
ပဲခူးတိုင်း(အနောက်ပိုင်း)တရားရုံး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ချိုသက် [၁၂/မဂတ(နိုင်)၀၈၃၆၀၈]သည် ၎င်းတစ်ဦးတည်းပိုင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၅၀) တိုက်၏ ခြေရင်းဘက်ခြမ်းရှိ မြေညီထပ်အခန်းနှင့် တိုက်၏ခေါင်းရင်းဘက်အခြမ်းရှိ မြေညီထပ်အခန်း၊ ပထမထပ်နှင့် ဒုတိယထပ်အခန်းများကို လိုအပ်သလို စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချတော့မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများတင်ပြ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်းနှင့် အကြောင်းမဲ့ဆိုင်ရာ ပိုင်ဆိုင်ခွင့်မရှိဘဲ နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်ပါက တည်ဆဲဥပဒေများဖြင့် လိုအပ်သလို အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ချိုသက်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးညွန့်ရှိန်နှင့် ဦးခင်မောင်ထွန်း၊ **ဒေါ်စိုးစိုးနွဲ့**
တရားရုံးချုပ်ရှေ့နေများ၊ **အထက်တန်းရှေ့နေ**
ရုံး–အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(အီး–၁၀)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊အမှတ်(၂၇/၅)၊ သီရိမင်္ဂလာရိပ်သာနေ ကျွန်မဒေါ်မေပုလဲ(ဘ)ဦးစင်းရှင်နိုင်ငံသားအမှတ်[၁၂/ ရကန(နိုင်)၀၂၇၇၉၃]မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မဒေါ်မေပုလဲနှင့် ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၂၇/၅)၊ သီရိမင်္ဂလာရိပ်သာနေ ဦးသိန်းကျော်(ဘ)ဦးသိန်းထွန်း နိုင်ငံသားအမှတ်[၁၂/ရကန(နိုင်)၀၂၆၈၆၆]ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် ၁၆–၆–၂၀၀၃နေ့တွင် စဉ့်ကူးမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဒေါ်ခင်အုန်းတင့်ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

ဦးသိန်းကျော်နှင့်ကျွန်မဒေါ်မေပုလဲတို့သည် ၁၆–၆–၂၀၀၃နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် နောက်နောင် ဦးသိန်းကျော်နှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများနှင့် အခြားကိစ္စအဝဝတို့သည် ကျွန်မဒေါ်မေပုလဲတွင် တစ်စုံတစ်ရာတာဝန်မရှိပါကြောင်း ကြေညာအပ်ပါသည်။

ထို့ပြင်ကျွန်မဒေါ်မေပုလဲ၏ ဂုဏ်သိက္ခာကျဆင်းစေမည့်အပြုအမူ အပြောအဆိုများကို ပြုမူပြောဆိုခြင်းပြုပါက သက်ဆိုင်ရာမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေပုလဲ
[၁၂/ရကန(နိုင်)၀၂၇၇၉၃]
အမှတ်(၂၇/၅)၊ သီရိမင်္ဂလာရိပ်သာ
ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်။

အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)
ရုံးဝန်ထမ်း **မ (၃) ဦး**
(၁) အလယ်တန်းပညာအရည်အချင်း ရှိရမည်။
(၂) ရုပ်ရည်သန့်ပြန့်ရမည်။
(၃) ရိုးသားမှုရှိရမည်။
(၄) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။
အမှတ်(၁၀၀)၊ လမ်း(၅၀)အလယ်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း–၂၀၃၁၈၀၊
၀၉–၈၀–၂၄၈၉၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ် (စမဒ ၆၅/၂၀၀၃) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။
မောင်ဆန်းဝင်း
မိန်းမလှကျေးရွာ၊ ဘားအံမြို့နယ်၊
ကရင်ပြည်နယ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဘ/၁၆၈၇လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးမိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းရုံး) ပုသိမ်သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **(ကညန၊ တိုင်းရုံး၊ပုသိမ်)။**

အမည်ပြောင်းခြင်း

ဦးမြင့်သန်း၏သမီး မအုပင်မြို့ အထက(၂) အဌမတန်း(A)မှ မသီဂီသော်အား မသီရိဝင်းဟု ပြောင်းလဲခေါ်ပါရန်။
မသီရိဝင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၅၉၈၅၁ မော်တော်ဆိုင်ကယ်/မော်တော်ယာဉ် လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန (မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်ပါရန်။
ကညန(မြစ်ကြီးနား)၊ ကချင်ပြည်နယ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၉၁၈၄ မော်တော်ဆိုင်ကယ်/မော်တော်ယာဉ် လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန (မြစ်ကြီးနား)သို့ လာရောက်ဆက်သွယ်ပါရန်။
ကညန(မြစ်ကြီးနား)၊ ကချင်ပြည်နယ်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပိုကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပိုကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ – အမည်	လျှောက်ထားသူ – မှတ်ပုံတင်	လျှောက်ထားသူ – လိပ်စာ	လျှောက်ထားသည့် – မြို့နယ်	လျှောက်ထားသည့် – မြေတိုင်း	လျှောက်ထားသည့် – မြေကွက်	လျှောက်ထားသည့် – မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးမောင်စိန်	E/RGN – ၀၀၃၇၆၆	(၆၆၆/ခ)၊ ၂၂ လမ်း (၁၀) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၀	၆၆၆/ခ	ဦးအေးကျော်	ဂရန်သစ်
၂။	ဦးဝင်းကိုကိုသောင်း	၁၂/အစန (နိုင်) ၁၀၅၆၇၃	(၉၇)၊ ကျွန်းချေမြိုင်လမ်း၊ သုဝဏ္ဏ	သင်္ဃန်းကျွန်း	၂၃–သုဝဏ္ဏ	၁၇၀/က	ဒေါ်ဝင်းနု	အမည်ပြောင်း
၃။	ဒေါ်ကြည်ဝင်း	၁၂/စခန (နိုင်) ၀၀၆၁၄၄	(၅၃၄)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၅၃၄	ဦးသန်းထွန်း	အမည်ပြောင်း
၄။	ဦးဇော်ဝင်း	၁၂/ဗတထ (နိုင်) ၀၂၅၅၆၀	(၆၃/က)၊ နတ်မောက်လမ်းသွယ်၊ ဗဟန်း	ဗဟန်း	၂၆	၄၃၈ ၆၁/၁–အေ၁၁	မောင်အောင်ဇော်ဝင်း+၁	အမည်ပြောင်း
၅။	ဦးတောင်းတင် + ၁	၁၂/ဗတန (နိုင်) ၀၈၂၉၅၉	(၃၃)၊ ရွှေတောင်ကျန်းရိပ်သာ အင်းယားမြိုင်လမ်း၊ ဗဟန်း	ဗဟန်း	၃၆ F	၁၁၀/၃၃	ဗိုလ်မှူးကြီးလှအောင်+၂	အမည်ပြောင်း
၆။	ဦးဝင်းကြည် + ၃	L/RGN – ၀၂၄၈၂၀	(၃၅)၊ မဂ္ဂင်လမ်း	တာမွေ	၄ C ရ၉	၃၅	Ma Chit	အမွေရရန်
၇။	ဓော်မြတ်နွယ် + ၁	၁၂/ဗတန (နိုင်) ၀၁၂၅၁၃	(၁၆)၊ ဗဟန်း (၁) လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်း	ဗဟန်း	၄၃ D	၆၄	ဒေါ်သိန်းနှင့် မကြင်ကြင်	မြေပိုကူး
၈။	ဦးအောင်မိုးဇင် + ၁	၁၂/ရကန (နိုင်) ၀၅၆၇၇၄	(၁၀၉၂)၊ (၂၈) ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၁၀၉၂	ဦးတင့်လွှင်	ဂရန်သစ်
၉။	ဦးအောင်မိုးဇင် + ၁	၁၂/ရကန (နိုင်) ၀၅၆၇၇၄	(၁၀၉၃)၊ (၂၈) ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၁၀၉၃	ဦးကျော်စောအောင်	ဂရန်သစ်
၁၀။	ဦးအောင်မိုးမိုး	၁၄/မအန (နိုင်) ၁၁၈၇၀၈	(၈၂၀)၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ	လှိုင်သာယာ	သကမ (၄)	၈၂၀	ဗိုလ်မှူးသီဟ	ဂရန်သစ်
၁၁။	ဒေါ်ချစ်စမယ်	၁၂/သဃက (နိုင်) ၀၂၂၆၈၄	(၇၀၅)၊ ၃၃ တိုးချဲ့၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၃/တိုးချဲ့	၇၀၅	ဦးလှမြ	ဂရန်သစ်
၁၂။	ဗိုလ်ကြီးအောင်သိန်း(ငြိမ်း)	၁၀/ဘလန (နိုင်) ၀၃၂၇၅၈	(၆၈)၊ ဗိုးစိန်လမ်း၊ တာမွေမြို့နယ်	တ/ဥက္ကလာပ	၁၂	၆၈၇ (က)	ဒေါ်တင်တင်အေး + ၁	အမည်ပြောင်း
၁၃။	ဒေါ်တင်ဥ	၁၂/ရကန (နိုင်) ၀၆၄၅၅၈	(၂၁)၊ သုနန္ဒာလမ်း၊ ၃တိုးချဲ့ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	၃တိုးချဲ့	၂၁	ဦးစိုင်းမိုင်း	မြေပိုကူး
၁၄။	ဒေါ်တင်စိန်	၆/ထဝန (နိုင်) ၀၂၈၃၅၂	(၇၅/ခ)၊ သုခသန (၁) လမ်း (၁၆) ရပ်ကွက်၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၁၆/၂	၇၅/ခ	ဒေါ်အေးမြိုင်	အမည်ပြောင်း
၁၅။	ဒေါ်တင်တင်လှ	၁၂/မဂတ (နိုင်) ၀၂၀၉၂၃	(၅၆)၊ မြေညီထပ်၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်	မင်္ဂလာတောင်ညွန့်	၁၂ F	၂၈၈	[illegible]	အမည်ပြောင်း
၁၆။	ဒေါ်ခင်ခင်ယု	၁၂/ဥကတ (နိုင်) ၀၄၄၁၀၂	(၉၇၁/ခ)၊ ကျော်သူ (၂၈)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၉	၉၇၁/ခ	ဦးမောင်မောင်နိုင်	အမည်ပြောင်း
၁၇။	ဦးမင်းစံ	၁၂/ဗတန (နိုင်) ၀၃၈၈၇၈	(၅၁၁/ခ)၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တ/ဥ	တ/ဥက္ကလာပ	၃	၂၁၁	ဒေါ်လှကြည်	အမည်ပြောင်း
၁၈။	ဦးဇော	၁၂/တမရ (နိုင်) ၀၂၈၀၅၀	(၇)၊ နီကောလမ်း	မရမ်းကုန်း	၅၆ သဝိုင်း	၁၈/က ၆A +၁၈/ခ ၁	ဒေါ်ခင်ဦး + ၁	အမည်ပြောင်း
၁၉။	ဦးသက်ဝင်း	၁၀/မအန (နိုင်) ၁၁၆၃၀၀	(၂၆၆/၁၃)၊ အောင်မင်္ဂလာရိပ်သာလမ်း၊ အင်းစိန်	အင်းစိန်	၇ (B)	၁/၈၀ ၇–B	မောင်အေး	မြေပိုကူး
၂၀။	ဦးကြည်စိုး	၈/မလန (နိုင်) ၀၀၆၁၃၀	(၄၆/B)၊ ၅–လွှာ၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်	တ/ဥက္ကလာပ	၁၃	၈၅၄ (က)	ဒေါ်အုံးရင်	ဂရန်မြေ
၂၁။	ဒေါ်ခင်ညွန့်ညွန့်ထွန်း	၁၂/သဃက (နိုင်) ၀၈ရ၅၆၀	(၁၄)၊ သံသုမာလမ်း၊ ရန်ကုန်သစ်	သင်္ဃန်းကျွန်း	ရန်ကုန်သစ်	၆၃၂	ဒေါ်ခင်ပု	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လိုတရအမွေးတိုင်လုပ်ငန်းမှ

အများသိသာရန်

ကြေညာချက်

ဦးတင်မောင်အေး(ခ)ဟာရှင် [၁၂/သဃက(နိုင်)၁၅၉၄၃၂]သည် လိုတရ အမွေးတိုင်လုပ်ငန်းနှင့် မည်သို့မျှ ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမရှိပါ၍ လိုတရ အမွေးတိုင်လုပ်ငန်းသို့ ပေးသွင်းရန်ငွေများ၊ စာရင်းများကို ဦးတင်မောင်အေး(ခ) ဟာရှင်သို့ ပေးအပ်ခြင်းမပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆန်းဆန်းအေး
လိုတရအမွေးတိုင်လုပ်ငန်း
စက်မှုဇုန်–၂၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ
(ဦးကျော်) – ဒေါ်တင်ဦးတို့၏သား

မောင်ကျော်လင်း B.Sc(Botany)
M.O.T 2nd Class PART A, 3rd Engg:
MONSOON MARITIME SERVICES PTE, LTD.

နှင့်

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းနေ
ဗိုလ်မှူးကြီးဟံစိန်(ဒု – ဌာနချုပ်မှူး၊ ရေတပ်သင်္ဘောကျောင်းဌာနချုပ်) – ဒေါ်နုနုထွေး
(အထပြ၊ ငြိမ်း)တို့၏သမီးဦး

မကေခိုင် B.A(Myanmar)

တို့၏ ၆–၇–၂၀၀၃နေ့တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ရေတပ်သင်္ဘောကျောင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ဇနီး ဒေါ်မိမိသိန်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၏ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့်ဇနီး ဒေါ်သန့်စင်မြင့်အားလည်းကောင်း၊ တရားရုံးချုပ်တရားသူကြီး ပါမောက္ခဒေါက်တာတင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်းအား လည်းကောင်း၊ ၂၈–၆–၂၀၀၃နေ့တွင် သန်လျက်စွန်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းဥပဒေရုံး ဒုတိယဥပဒေအရာရှိ ဒေါ်ခင်မာမာ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားတပ်မတော်အရာရှိကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မသက်မွန်ယု၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်နှင့် လက်စွပ်ကလပ်ကိုင်ဆောင်ပေးသောမပြတ်သန္တာနှင့် မနှင်းနွယ်နီလှိုင်၊ မင်္ဂလာသတို့သားအရံမောင်ဇော်ဇော်သက်နှင့် မောင်ကျော်သူမြင့်၊ မင်္ဂလာသတို့သမီးအရံ မသဇင်အောင်နှင့် မနှင်းဝတ်ရည်၊ မေတ္တာဖြင့် မင်္ဂလာပန်းအလှပြင်ဆင်ပေးသောမစန္ဒီမင်းစိန်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ခင်စန်းဝင်း၊မိတ်ကပ်ဆံပင်အလှဖန်တီးရှင်စိုးစိုး၊ ဗီဒီယိုဖြင့်မှတ်တမ်းတင်သော မွန်ရှိုင်း၊ ဓာတ်ပုံ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Garden Hotelမှဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်လင်း – မကေခိုင်။

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE

IFB NO. :1(T)MCY-MOGE (2003-2004)CAP **P.O. BOX** 1049
DATE : 16th JULY,2003 **FAX NO. :** 095-01-222964/222965

INVITATION FOR BIDS

1. Sealed Bids are invited by the Myanma Oil and Gas Enterprise for supply of the following: **NATURAL GAS PIPE LINE BOOSTER COMPRESSOR- 6 UNITS.**
2. Commencing from (16th JULY, 2003)a complete set of bidding document will be available at the office of Finance Department, Myanma Oil and Gas Enterprise, No.604,Merchant Street, Yangon, Myanmar, during office Hours by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100 in favour of Myanma Oil and Gas Enterprise (OR) FEC 100 to be paid to the above office for each set of document.
3. Bids shall be accepted only from Bidders who officially purchased the Bidding Document (Those purchased through Embassy must declare for whom it is purchased)
4. The Bids received will be opened in the presence of Bidders and Bidders' Representatives who choose to attend at **13:00 Hours on (28th AUGUST 2003)** at the office of Myanma Oil and Gas Enterprise, No.604, Merchant Street, Yangon, Myanmar.

MANAGING DIRECTOR
MYANMA OIL AND GAS ENTERPRISE.

ရောင်းမည် (ညှိနှိုင်းဈေးဖြင့်)

၁။ သင်္ဃန်းကျွန်း၊ ငွေပြည်သာအိမ်ရာ၊ (20' x55')၊ MBR၊ ပါကေးခင်း၊ ကြွေခင်း၊ (အဆင့်မြင့်)မြေညီ+ပထပ်။
၂။ စမ်းချောင်း၊ မင်းလမ်း(16'x45')(အကြမ်းထည်)ရေ+မီး၊ မြေညီ။
၃။ အင်းစိန်၊ အောင်ဇေယျအိမ်ရာ၊ (850) sqft ရေ+မီး၊ အိမ်ခန်း(၂)ခန်း၊
တိုက်သစ်၊ မြေညီ(၄)လွှာ၊ ဖုန်း–၀၉၅၀–၁၇၄၇၉၊ ၇၂၄၄၆၄။



မွေးနေ့ဆုတောင်း

ချစ်သမီး **မထက်ထက်အောင်** [VID အထက(၂)လသာ]2B(Y)BC ၏ ၁၁–၇–၂၀၀၃နေ့တွင် ကျရောက်သည့် (၁၁)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒအပေါင်း ပြည့်စုံသော သမီးလိမ္မာလေးဖြစ်ပါစေ။

ဖေဖေ – ဦးအေးလွင်၊ မေမေ–ဒေါ်စိုးစိုးရွှေ
မောင်လေး – ကောင်းကျော်လတ်[I.A အထက(၁)လမ်းမတော်]၊
– ရဲဘုန်းအောင်
ဘွားဘွား၊ ကြီးကြီး၊ ဘဘ၊ ဦးဦး၊ ဒေါ်ဒေါ်

ဆပ်ပြာစက်ရုံများအတွက်လိုအပ်သောစက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆပ်ပြာစက်ရုံများတွင် အသုံးပြုရန်အတွက် Boiler Tube နှင့် Pump များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၁–၇–၂၀၀၃ရက်နေ့ ၁၄:၀၀နာရီတွင်ပိတ်ပါမည်။
၃။ တင်ဒါအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)
အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၉၂၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။ ဖုန်း–၅၆၆၇၂၀၊ ၅၆၆၇၅၀။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အမှတ်(၉၀)၊ ကံဘဲ့လမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့
Ph;-(951)578470,565142,Fax;(951) 578472
E.mail-mpe.myr@mptmail. net. mm,www.myanmarpearl.com

ရက်စွဲ၊ ၂၀၀၃ခုနှစ် ဇူလိုင်လ(၇)ရက်

ပြည်တွင်းပုလဲရောင်းချပွဲနှင့်ပုလဲလက်ဝတ်ရတနာဒီဇိုင်းပြိုင်ပွဲ

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများကို ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် အောက်ပါအစီအစဉ်အတိုင်း ချိပ်ပိတ်တင်ဒါစနစ်/ဈေးပြိုင်စနစ်များဖြင့် ရောင်းချမည့်အပြင် ပုလဲလက်ဝတ်ရတနာ ဒီဇိုင်းပြိုင်ပွဲကိုပါ တစ်ပြိုင်တည်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပုလဲဝယ်ယူလိုသူများ၊ ပုလဲလက်ဝတ်ရတနာဒီဇိုင်း ဝင်ရောက်ယှဉ်ပြိုင်လိုသူများနှင့် စိတ်ပါဝင်စားသူများ လာရောက်ဝယ်ယူယှဉ်ပြိုင်ကြည့်ရှုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(က) **ပုလဲများကြည့်ရှုစစ်ဆေးခြင်း ဈေးပြိုင်တင်ဒါများပေးသွင်းခြင်းနှင့် ပြိုင်ပွဲဝင်ပုလဲလက်ဝတ်ရတနာများပြသခြင်း** – ၂၆–၇–၂၀၀၃ မှ ၂၇–၇–၂၀၀၃ထိ (၁၀:၀၀)မှ (၁၆:၀၀)နာရီထိ
(ခ) **တင်ဒါများဖွင့်ဖောက်ခြင်းနှင့် ဈေးပြိုင်ရောင်းချခြင်း** – ၂၈–၇–၂၀၀၃ (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ
(ဂ) **ပုလဲရောင်းချပွဲနှင့်ပုလဲလက်ဝတ်ရတနာ ပြိုင်ပွဲကျင်းပမည့်နေရာ** – သီရိရတနာခန်းမ၊သတ္တုတွင်းဝန်ကြီးဌာန၊အမှတ်(၉၀)ကံဘဲ့၊ရန်ကင်း၊ရန်ကုန်။
(ဃ) **အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်** –၅၇၁၀၃၈၊ ၅၇၈၄၇၀၊ ၅၅၄၇၄၆

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

---

(၄)နှစ်ပြည့်မွေးနေ့ဆုတောင်း

သားငယ်လေး **"မဏ်သျှင်းခန့်"** (Pre-IA)°(I.L.B.C)၏ (၁၁–၇–၂၀၀၃)နေ့တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့ မွေးရက်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် သားငယ်လေး ဘုန်းကြီး၍သက်ရှည်၊ ကျန်းမာ၊ချမ်းသာပြီး ထူးချွန်ထက်မြက်သော အလိမ္မာသားလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ပါးပါး–ဦးအေးသန်း–မေမေဒေါ်ယုယုထွေး
(ပြည့်ခန့်ပုံနှိပ်နှင့် ပန်းသတင်းကွန်ပျူတာ)
ကိုးကိုး–အံ့ခွန်းပြည့် Primary I A (I.L.B.C) II(B)၊ အထက(၂)ဒဂုံ။

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနရှိ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ယာဉ်တည်နေရာ
၁။	မော်တော်ယာဉ်မျိုးစုံ	(၁၆) စီး	ရန်ကုန်မြို့
၂။	တိုယိုတာဟိုင်းလက်(စ်)	(၁) စီး	တာချီလိတ်မြို့

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံရောင်းချမည့်နေ့** – ၁၁–၇–၂၀၀၃ မှ ၂၂–၇–၂၀၀၃ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါစတင်တင်သွင်းရမည့်နေ့** – ၁၁–၇–၂၀၀၃မှစ၍ (ရုံးချိန်အတွင်း)
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့** – ၂၃–၇–၂၀၀၃နေ့ ၁၁:၀၀နာရီ
၅။ **တင်ဒါဖွင့်လှစ်ရောင်းချမည့်နေ့** – ၂၃–၇–၂၀၀၃နေ့ ၁၂:၀၀နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** – ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်) အမှတ်–၆၂၂(ဒုတိယထပ်)ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။
၇။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀(ကျပ်နှစ်ထောင့်ငါးရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့,
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန။

YWCA မုန့်ဖုတ်အထူးသင်တန်း

Bread, Patties, Plain Cake, Marbel Cake, Fruit Cake, Cream Roll, Cookies, Hamburger စသည့်မုန့်များကို ကျွမ်းကျင်သော ဆရာမ ကိုယ်တိုင် အတတ်သင်ပေးမည်။ သင်တန်းသူ၊ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

နေ့ရက် – ၂၀၀၃ခုနှစ် ဇူလိုင်လ ၂၈ရက်မှ ဩဂုတ်လ ၁ရက်ထိ
အချိန် – နံနက် ၈:၀၀နာရီမှ ၁၁:၀၀နာရီ
နေရာ – YWCA (၁၁၉)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း – ၂၄၅၈၆၉။
မှတ်ချက်။ ။ ဓာတ်ပုံ(၂)ပုံ ယူဆောင်လာပါရန်။ ကျား၊ မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး တက်ရောက်နိုင်ပါသည်။



လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အရာရှိကြီးများရိပ်သာ၊ ပန်းခြံ(၂)လမ်း၊ ခြံအမှတ်(၂၉/၁၂၇)နေ
ဒုတိယဗိုလ်မှူးကြီး မြင့်သန်း(ငြိမ်း)-ဒေါ်မြသန်း (အထပြ၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသား

မောင်လင်းမင်းသန်း Final Year (Zoology)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်(၃)လမ်း၊ အမှတ်(၁၆/၂၀၂)နေ
ဦးမောင်မောင်လင်း (ဂုဏ်ထူးဆောင်တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)-ဒေါ်ခင်စိုးမြင့်
တို့၏သမီးဦး

မမေစန္ဒာလင်း B.Sc (Chemistry)

(ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန)

တို့၏ ၆-၇-၂၀၀၃နေ့ နံနက်ပိုင်းတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးမင်းအောင် (ပဲခူးတိုင်းတွဲဖက်တိုင်းတရားသူကြီး)နှင့် ဇနီး ဒေါ်ခင်စမ်းမြင့်၊ ညနေပိုင်း IBCတွင် ကျင်းပသော လက်ထပ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာကိစ္စအဝဝတို့အတွက် မေတ္တာစေတနာများစွာဖြင့် ကြွရောက်ချီးမြှင့်ကူညီဆောင်ရွက်ပေးခဲ့ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မိတ်ကပ် ခင်စန်းဝင်း၊ သတို့သမီးဝတ်စုံဖန်တီးပေးသော ကိုပြည့်စိုးအောင်၊ ကိုမြတ်စိုးအောင်တို့အား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လင်းမင်းသန်း-မမေစန္ဒာလင်း။



အမည်ပြောင်းခြင်း

အင်းစိန်မြို့ အထက(၂) ဒသမတန်း (E)မှဦးလှငွေ၏ သား မောင်ဖြိုးစည်သူငွေအား မောင်ဟိဏ်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိဏ်းထက်ဇော်။

အိမ်ကိုလာခဲ့မယ်

T.V, Video ပြုပြင်ရေး

☎ 723745

အများသိစေရန်ကြေညာချက်

၁။ တာမွေမြို့နယ်၊ မြေတိုင်းအမှတ် (၄-ဒီ)မြေကွက်အမှတ် (V-၆၈)၊(၁၃၅)လမ်း၊အမှတ်(၂၀)တွင် Banobee(ကစ) ဦးလှဖေအားမှ (၂၂. ၁၁. ၉၆)ရက်စွဲဖြင့်(၂)ခန်းတွဲ (၇)ထပ်တိုက်အဆောက်အအုံအား လိုင်စင်ရကန်ထရိုက်တာ ဦးသိန်းမောင်(L.C-၂၀)ဖြင့် ဆောက်လုပ်ခွင့်ပြုပါရန် ဤဌာနသို့ လျှောက်ထားခဲ့ပြီး ဌာနမှ ခွင့်ပြုမိန့်ပေးထားခြင်း မရှိသေးပါ။

၂။ ယခုအခါ အဆိုပါမြေကွက်၏ ၂၀၀၃-၂၀၀၄ မြေပုံမြေရာဇဝင် အမည်ပေါက် ဒေါ်ဘန်နီးဘီဘီ + ဒေါ်ရာမက်ဘီ + ဒေါ်အမီနာဘီဘီ + ဒေါ်အိုင်ရှာဘီဘီ တို့မှ လိုင်စင်ရကန်ထရိုက်တာ ဦးအောင်ခင် (L.C-၂၁၂)ဖြင့် (၈)ထပ်တိုက်ဆောက်လုပ်ခွင့်ပြုပါရန် ဤဌာနသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Learn English

Grammar
(Pre & Advanced)
Vocabulary, Spoken English
TOFEL, IELTS
Phone: 501772

တိုက်ခန်းရောင်းမည်

စမ်းချောင်း၊ မကြီးကြီးလမ်း၊
18' x50'၊ 2F 2BR၊ 2AC၊
ပြင်ဆင်ပြီး၊ ကားပါကင်ပါ။
Ph: 539689

လချုပ်ငှားမည်

ကားမျိုးစုံငှားရန်
အဆင်သင့်ရှိသည်။
Phone: 202377, 703220



တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည် **နှင့်** **၁။ ဒေါ်ခင်ကြည်**
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးမျိုးစိုး) **(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာလာစိုး)**
၂။ ဦးမြင့်စိုး
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၆၀တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုး၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှကျပ် ၁၄၄၂၃၀၀/–ကို အမှတ်(၁)တရားရုံးသို့ ပေးအပ်စေ၍ ကျန်လေလံရောင်းချရငွေများ၏ $\frac{၃}{၈}$ ပုံကို တရားနိုင်က ရယူနိုင်ရန်အတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ(၁၅)ရက်နေ့ နံနက်(၁၀:၀၀)နာရီအချိန်တွင် ၎င်းပစ္စည်းများ တည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ခုနှစ် ဇူလိုင်လ(၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

လုဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆အယ်လ်)+၃၀(ဘီ)၊ လူနေရပ်ကွက် ဦးပိုင်အမှတ် $\frac{၁၂၂ဘီ}{၃}$ + $\frac{၈ဒီ}{၁}$ မြေအကျယ်အဝန်း(၀ ဒသမ ၁၄၄)ဧကနှင့် (၀ဒသမ၄၁၇)ဧကနီးပါးခန့်ရှိသော မြေပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်၃၄ဘီဟုခေါ်တွင်သော အဆောက်အအုံနှင့်အကျိုးခံစားခွင့်များ။
(၁–တရားရှုံးလက်ရှိနေထိုင်လျက်ရှိပါသည်။)
ကြမ်းခင်းဈေး=ကျပ်ငွေသိန်း(၄၀၀၀)

မောင်ဟန်ဇော်ဖြိုး (ခ) မောင်သော်ထွန်းအောင်နှင့် အကျိုးဆောင် ဦးအေးနိုင်တို့သိစေရန်

၂–၇–၂၀၀၃ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာပါ "ဒေါ်ဖြိုး(ခ) ဒေါ်ဖြိုးသာရ သိစေရန်ကြေညာချက်"မှာ လုံးဝမမှန်ကန်ပါ။ ၂၃–၁–၂၀၀၃နေ့တွင် အဘွားဖြစ်သူ ဒေါ်ခင်အေးကြွယ်(ခ)ဒေါ်အေးကြွယ်က မောင်ဟန်ဇော်ဖြိုးအား မေတ္တာဖြင့် ငွေ(၄၀)သိန်း(ကျပ်သိန်းလေးဆယ်တိတိ)ပေးအပ်သည့် စာချုပ်ချုပ်ခဲ့သည်ကို အကျိုးဆောင်ဦးအေးနိုင်ကိုယ်တိုင်ပါဝင်သိရှိပြီးဖြစ်ပါသည်။ အဆိုပါစာချုပ်ငွေကို မောင်ဟန်ဇော်ဖြိုးကိုယ်တိုင်လက်ခံရယူပြီးကြောင်း လက်မှတ်ရေးထိုးထားပါသည်။ မောင်ဟန်ဇော်ဖြိုးသည် မိခင်ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရထံသို့ မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှ အပ်နှံထားမှုမရှိပါ။ လူကြီးမင်းတို့၏ကြေညာချက်မှာ ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရ၏ လုပ်ငန်းနှင့် ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်အား (၇)ရက်အတွင်း ရုပ်သိမ်းကြောင်း ကြေညာပေးရန် တောင်းဆိုလိုက်သည်။ ကြေညာရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရ၏ လွှဲအပ်ညွှန်ကြားချက်အရ–
အမှတ်–၅၇၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဦးတင်ယု(ဆကာကြီး)H.G.P
စဥ်–၈၂၉၃၊ အထက်တန်းရှေ့နေ။

Car Rental
245486

မော်တော်ယာဉ်များလေလံတင်ရောင်းချရန်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် အသုံးမလိုတော့သော လေးဘီးမာဇဒါဘီ ၆၀၀(ပစ်ကပ်)(၂)စီးအား မျက်မြင်အနေအထားအတိုင်း ၃၁–၇–၂၀၀၃နေ့တွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံဆွဲဝယ်လိုသူများသည် လေလံစည်းကမ်းချက် တစ်စောင်လျှင် (၁၀၀၀ိ/–)နှုန်းဖြင့် အောက်ပါလိပ်စာတွင် ၂၁–၇–၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ စည်းကမ်းချက်များ ဝယ်ယူပြီးသူများအား မော်တော်ယာဉ်များကို ၂၆–၇–၂၀၀၃နေ့မှစ၍ ကြည့်ရှုခွင့်ပြုပါမည်။ အသေးစိတ်သိလိုပါက အောက်ပါလိပ်စာဖုန်းနံပါတ်အတိုင်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၈၀၆၉၊ ၂၅၂၀၉၂၊ ၂၅၂၀၉၄၊ ၅၆၅၉၇၅

ဝမ်းနည်းကြေကွဲခြင်း
ဦးညို (၆၇)နှစ်
ကျောင်းဆရာ(ငြိမ်း) အထက(၁)ပြင်ဦးလွင်

ဦးစန်းယု ဒါရိုက်တာ (Oriental Comet Travels Co.,Ltd.)၏ ဖခင်ဖြစ်သူ ဦးညိုသည် ၆–၇–၂၀၀၃ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Oriental Comet Travels Co.,Ltd နှင့်
Auto Net Travels Co.,Ltdမှ ဝန်ထမ်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
မောင်ဘီဂျေး
အသက်(၃၃)နှစ်၊ (ကလေးမြို့)

ချစ်သူငယ်ချင်း မောင်မနော၏ညီသည် ၈–၇–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်၊ မုံရွာ၊ ကလေးမြို့ရှိ
သူငယ်ချင်းများ။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ မ/၈–၁၃၊ နှင်းဆီလမ်း၊ မြို့သစ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ မရွှေရွှေမြင့် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၃/လရန(နိုင်)၀၇၉၇၅၉] က အောက်ဖော်ပြပါမြေနှင့် RC နှစ်ထပ်တိုက်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ၎င်းမြေနှင့်နှစ်ထပ်တိုက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားများဖြင့် (၇ရက်အတွင်း)ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့နှင့် သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀–ဘီ)၊ မြေကွက်အမှတ် $\frac{၁၂၄အီး၃}{၁}$ ဧရိယာ(၀ဒသမ၂၉၀)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ထဲသို့ အများဆိုင်လမ်း/ထွက်လမ်း အပါအဝင်အကျိုးခံစားခွင့်အားလုံး။

ညွှန်ကြားချက်အရ–
တွံတေးဦးသိန်းဝင်း B.A, HG.P,R.L တရားရုံးချုပ်ရှေ့နေ (၄၇၅၈)
ရုံး(၁၃၂)၊ (ပ)ထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၅၂၉၂။
(အိမ်)၂၀၈၊ မဟာဗောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

လွမ်းဆွတ်သတိရခြင်း

၁၁–၇–၂၀၀၁ရက်မှစ၍ မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ (၂)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်းလွမ်းဆွတ် သတိရနေပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ပြုလုပ်သော ဒေါ်ခင်ခင်ဝေ(ခ)ဂရေစီအား လှူဒါန်းမှု အစုစု ကုသိုလ်ကောင်းမှုများကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ **အမျှ–အမျှ–အမျှ**

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်း(၅၆)နှစ်
B.E(E.P)
တိုင်းလျှပ်စစ်အင်ဂျင်နီယာ(မန္တလေး)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ(မန္တလေး) ဦးဝင်းသည် ၆–၇–၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

'စိုး'လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်။

ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၁)ဒသမတန်း(B)မှ မမေသူမျိုး၏ ဖခင်အမည်မှန်မှာ စောမျိုးအေး[၁၄/မအပ(နိုင်)၀၉၁၂၁၉]ဖြစ်ပါကြောင်း။

စောမျိုးအေး။

ကန့်ကွက်နိုင်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂–ဂျေ)၊ မြေကွက်အမှတ် (V–၇၇အေ) ဧရိယာ(၀ဒသမ၀၅၀)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၅၉/၁၆၁)ခေါ် အဆောက်အအုံပါ အခွင့်အရေးအရပ်ရပ်တို့ကို လက်ရှိနှင့် တရားဝင်အမည်ပေါက် ပိုင်ရှင် ဦးကျော်ဝင်းနှင့် ဒေါ်ခင်ကြည်တို့ထံမှ ဒေါ်ခင်စန်းဝင်းက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိလျှင် ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိလျှင် ယင်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ညွှန်ကြားချက်ဖြင့် –
ဦးသန်းအောင်
ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေနှင့်
နိုတြီပဗ္ဗလစ်
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့။

ဦးအုန်းကြိုင် (၇၉)နှစ်

လက်ထောက်စာစစ်(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး
သဲကုန်းမြို့နယ်အသင်းဝင်

သဲကုန်းမြို့နေ (ဦးပု-ဒေါ်ကျော့)တို့၏ သား၊ ဒေါ်သန်းခင်၏ခင်ပွန်း၊ ဦးအောင်မင်း(စာရင်းစစ်၊ ငြိမ်း၊ သတ္တုတွင်း-၂)၊(ဝင်းချယ်ရီ Co.,) ဒေါ်ကြည်ကြည်ဝေ၊ ဦးဝင်းကျော်-ဒေါ်မိုးမိုးခိုင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမျိုးလှိုင်(Golden Eagle Co.,)၊ ဒေါ်စန်းစန်းဦး၊ ဦးသောင်းလွင်(Univan Co.,)-ဒေါ်ခင်သီတာဝင်း(MFTB)၊ ဦးသောင်းထွဋ်(မြေတိုင်း၊ အိုးအိမ်)-ဒေါ်မာမာကြည်၊ ဒေါ်တင်တင်ထွေး(ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် အမှတ်(၁၃)၊ မဟာဗောဓိလမ်း၊ ကျီးတော်ရပ်နေအိမ်၌ ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘဦး(၇၈)နှစ်

လဝက(ငြိမ်း)

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက် ၇နေ (ဦးအောင်ဇံဖြူ-ဒေါ်ဖြူမယေ)တို့၏ သား၊ ဒေါ်ယဉ်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဦးယဉ်လှ-(ဦးသောင်းတင်)၊ ဦးမောင်မောင်လှ-ဒေါ်သာရာ၊ ဦးတင်ရွှေ-ဒေါ်ခင်မြင့်၊ဒေါ်မမြိုင်၊ ဦးထွန်းကြိုင်-ဒေါ်သန်းအေး၊ဦးအေးကြိုင်-မတင်တင်ညို၊ မအေးအေးသိန်း၊ ဦးရွှေထွန်းခိုင်၊ မောင်ထွန်းဝင်း၊ မအေးနုတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် စစ်တွေမြို့ မင်းဂံရပ်ကွက် နေအိမ်၌ ၈-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးသိန်းအောင်(၇၆)နှစ်
သိန်းကမ္ဘာပွဲရုံ၊ ပျော်ဘွယ်မြို့

၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသိန်းအောင်၏ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစိုးသိန်း(ခ)ဦးဇော်

(ရဲအုပ်၊ ငြိမ်း)၊ လ/၅၆၇၂၁
အသက် (၇၁)နှစ်
(မင်းလှ)

ပဲခူးတိုင်း၊ မင်းလှမြို့၊ ဌာနာ ရပ်ကွက်သစ်နေ ဒေါ်မမလေး-ဒေါ်ကြွယ်ကြွယ်တို့၏မောင်၊ ဒေါ်အုန်းကြည်၏ ခင်ပွန်း၊ ရဲအုပ်ဝင်းထွန်း - ဒေါ်ခင်စိုးစိုးအောင်၊ မောင်ထွန်းထွန်းအောင်-မကြူကြူသိန်း (ရတနာထွန်းရွှေဆိုင်)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် မင်းလှမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်အောင်မြင့် (အောင်အောင်)(၅၃)နှစ်

(ပုစွန်တောင်)

ရန်ကုန်မြို့၊ အမှတ်(၉၆)၊ (၂၉) ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးသိန်းလွင်-(ဒေါ်လေးတင်)တို့၏ သား၊ (ဦးသန်းလွင်)-ဒေါ်သန်းစီတို့၏ သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊ မောင်အောင်ကိုကိုမြင့်(ကမ္ဘာကျော်၊ T.Vရောင်းဝယ်ရေး)-မောင်မြတ်ကိုကိုအောင်(Hi-Fi T.V ရောင်းဝယ်ရေး)၊ မဇေဝါအောင်(Journeys Tour Co., Ltd.)တို့၏ မွေးသဖခင် ဦးအောင်အောင်မြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သီရိဝင်း (၄၈)နှစ်

B.Sc (Maths)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း၊ အမှတ်(၁၄၁/၁၄၃)၊ ပထမထပ်ယာနေ (ဦးဟန်-ဒေါ်ကြည်)တို့၏ မြေး၊ ဒေါ်တင်တင်ဦး (အငြိမ်းစား၊ ကျောင်းဆရာမ၊ အထက-၃၊ မင်္ဂလာတောင်ညွှန့်၊ St. Joseph Convent)၏ ချစ်လှစွာသော သမီး၊ မောင်ဇော်ဝင်းတင်(EXE Corporation Yangon Branch)၏ ချစ်လှစွာသော အစ်မ ဒေါ်သီရိဝင်းသည် ၉-၇-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mrs. G.M.C Nelson(ခ) ဒေါ်မိမိခိုင် အသက်(၉၀)

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အမှတ်(၄၂)၊ ပုလဲလမ်းနေ(Dr. S.A.R. Valles-ဒေါ်ကြူကြူ)တို့၏ သမီး၊ (Mr. G.E. Nelson)၏ ဇနီး၊ ဖျာပုံမြို့နေ ဒေါက်တာကျော်စွာထွန်း-ဒေါ်ခင်မြင့်ဝေ၊ မော်လမြိုင်မြို့နေ ဦးကျော်ညွန့်(ပြည်နယ်စီမံရေးရာမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ မွန်ပြည်နယ်)-ဒေါ်စန်းစန်းလွင်တို့၏ မိခင်၊ ကိုကျော်စွာမြင့်-မသိန်းသိန်းအေး၊ ကိုကျော်စွာအောင်၊ ကိုမင်းမင်းစိုး-မသိန်းသိန်းငွေး၊ ကိုကျော်မင်းလွင်၊ မသင်းမာလာကျော်၊ မကြေးမုံကျော်တို့၏ အဘွား၊ အောင်ကျော်စွာမျိုး၊ ဟိန်းထက်ကျော်စွာတို့၏ အဘွားသည် မော်လမြိုင်နေအိမ်၌ ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးအောင်မြင့် (၇၆)နှစ်

(သူရဲကောင်းမှတ်တမ်းဝင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မွှောရုံလမ်း၊ အမှတ်(၅၆)နေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏ သားကြီး၊ (ဒေါ်ခင်ခင်ထွေး)၏ ခင်ပွန်း၊ (ဦးတင်မောင်)-ဒေါ်မြမြတို့၏ အစ်ကိုကြီး၊ ဦးမြင့်ဦး-ဒေါ်စလိုမီ၊ ဒေါက်တာဦးဟန်စိန်(မုံရွာပြည်သူ့ဆေးရုံကြီး)-ဒေါ်ခင်ယုမေ၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်လေး၊ ဒေါက်တာသိန်းကျော်-ဒေါ်မာလာမြင့်(ငွေစာရင်း၊ ဆောက်လုပ်ရေး)၊ ဦးတင်ဦး(ရေနံဓာတု)၊ ဒေါ်သီတာအောင်(သတ္တုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မစန်းစန်းငွေး၊ ဦးခင်မောင်ဝင်း(MTM Shipping)၊ ဦးအောင်ဆန်းဝင်း(Skipper Shipping)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးအောင်မြင့်သည် ၁၀-၇-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟဂ့်အဟ်မဒ်အဗ္ဗဒုလ်လတီးဖ်ယာဇီ(ခ)

ဦးမြင့်မောင်(ခ)ဦးမောင်မြင့် အသက်(၇၂)နှစ်

ရှုခင်းသာအိမ်ဆောက်ပစ္စည်းဆိုင်
မဟူရာသွင်းကုန်ထုတ်ကုန်ကုမ္ပဏီ
မီလုံစတားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်
မိုးကြီးတည်းခိုရိပ်သာ
(ရှုခင်းသာ)

ပုသိမ်မြို့နေ(ဦးလှတင်-ဒေါ်ရန်)၏ သား၊ (ဦးထွန်းအောင်)-ဒေါ်ချိုတို့၏ သားသမက်၊ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊အမှတ်(၁၁၆/၁၂၄) နှင့် ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၁၂/၅၁၄)၊ (ရှုခင်းသာ) နေ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ဒေါ်ခင်သီတာM.Sc.(Maths;)-ဦးသန်းဝင်း၊ဒေါ်ဘေဘီ[B.Sc. (Maths;) Hons;အထက်တန်းရှေ့နေ]၊ ဒေါ်လှလှဝင်း[B.Sc.(Phy;)Q]၊ဦးမောင်မောင်ဦး-ဒေါ်မိုးမိုး၊ ဒေါ်ချိုချိုဝင်း[B.Sc(Phy;)]-ဦးကိုကိုအောင် [M.A.QII (Geo;)]၊ ဦးမောင်မောင်လတ်-ဒေါ်စန္ဒာ၊ ဒေါ်စန္ဒာဝင်း[B.Sc (Phy;) Q Credit]-ဦးကျော်စိုး [B.Sc(Zool;)] တို့၏ မွေးသဖခင်၊ မမေဂျူးလတ် (၉တန်း၊ အထက-၁၊ ကျောက်တံတား)၊ မယွန်းရွှေရည်ဝင်း(၅တန်း၊ အထက-၂၊လသာ)၊ မောင်နေပိုင်လတ်(၅တန်း၊ အလက-၂၊ပန်းဘဲတန်း)၊ မစုလဲ့ရည်ဝင်း (၄တန်း၊ အထက-၂၊ လသာ)၊ မောင်ကျော်ထက်အောင်(Grade III, B.E.C)၊ မနှင်းပွင့်ဖြူ(K.G.F.I.S.C)၊မယွန်းမီမီအောင်(သူငယ်တန်း၊ အလက-၂၊ ပန်းဘဲတန်း)၊ (မောင်ဟမ္မဇား)၊ မနုရည်မိုးဦး၊ မိုးပွင့်ဖြူတို့၏အဘိုးသည် ၆-၇-၂၀၀၃ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ဇိုဟိုရ်နမာဇ်အပြီး စူရ်တီစွန်နီဂျာမေဗလီကြီးတွင် ဂျနာဇာနမာဇ်ဝတ်ပြုပြီး ရေဝေး စွန့်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်စိုး အသက်(၄၀)

စီးကရက်ပုံနှိပ်

ရန်ကုန်မြို့နေ (ဦးမောင်ငယ်)-ဒေါ်မြင့်သန်း(စီးကရက်စက်ရုံ-၁)တို့၏ သား၊ (ဦးကျော်ဒင်)-ဒေါ်အုန်းစိန်တို့၏ သားသမက်၊ ဒေါ်ခင်ပြုံး(ခ)ဒေါ်ခင်နှောင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မြတ်ကိုကို၊ မောင်သန်းဝင်းကို(အထက-၁၊ လှိုင်သာယာ)၊ မောင်မင်းထွန်းကိုတို့၏ မွေးသဖခင်သည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ခြောက်မိုင်ခွဲအိမ်မှကားများ မွန်းလွဲ ၁နာရီနှင့် လှိုင်သာယာအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊တန်ဆောင်း၊ ရေတွင်း၊ ရဟန်း ဒါယကာကြီး

ဦးလှကြည် (၈၃)နှစ်

တပ်ကြပ်ကြီး၊ ငြိမ်း
(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ကြခင်းမြို့၊ မင်းသီရိရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(အေ-၂၀၇)နေ (ဦးဆင်-ဒေါ်ကျင်မယ်) (ဝါးခယ်မ)တို့၏ သားကြီး၊ (ဦးစိုးရ-ဒေါ်ခင်နု၊ စပါးရိတ်)တို့၏ သားသမက်၊ ဒေါ်လှခင်(စပါးရိတ်)၏ ခင်ပွန်း၊ (ဦးလွယ်ကို-ဒေါ်သိန်းမြင့်)(မန္တလေး)တို့၏ မောင်၊ ဦးမောင်လင်း-ဒေါ်မြကြည်(ရွှေလောင်း)၊ (ဦးစိန်ကြည်)-ဒေါ်တင်တင်မြင့်(အောင်ပန်း)၊ (ဦးစိန်ဝင်း-ဒေါ်အေးရင်)(ပေါင်းတည်)၊ဦးသောင်း(Daimaru Co.Ygn)-ဒေါ်ငွေးငွေးဦး၊ (ဦးစိန်ရှန်)-ဒေါ်ကြည်လှ(ဝါးခယ်မ)တို့၏အစ်ကိုကြီး၊(တပ်ကြပ်ကြီးကျော်သီဟ-ဒေါ်တင်တင်လှ)(ပြင်ဦးလွင်)၊ ဦးကြည်မောင်(စက်ရုံမှူး၊ ကြခင်းဘိလပ်မြေစက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း)-ဒေါ်ဝင်းဝင်းခိုင်၊ ဦးသန်းစိန်(စာရင်းစစ်မှူး၊ မြို့နယ်စာရင်းရုံး၊ ကလေးမြို့)-ဒေါ်မြင့်မြင့်ရီ၊ မလှလှစိန်၊ ဦးစိန်မိုး-ဒေါ်သီတာ(တမူးမြို့)၊ (မစန်းစန်းမွေး)၊ ဗိုလ်မှူးလှဦး(ဒုတပ်ရင်းမှူး)-ဒေါ်စန်းစန်းအေး(အလပြ ဆရာမ၊ မိုင်းခုတ်)၊ မောင်စိန်တိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၃ရက်တွင် ကြခင်းမြို့သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဘကောင်း (၈၂)နှစ်

B.A.,B.L
လက်ထောက်
ကျောင်းသားရေးရာမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန(ကျောင်းသားရေးရာ)
(ရိမ်းမကား)

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ရိမ်းမကားရွာနေ (ဦးလှိုင်-ဒေါ်ကြွယ်မိ)တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၂၂)နေ ဒေါ်သိန်းရှင်(စီးပွားရေးတက္ကသိုလ်၊ ငြိမ်း)၏ ခင်ပွန်း၊ မခိုင်မေကောင်း (Final Year - Physics)၊ မောင်ဇင်ဝေကောင်း (Final Year- Chemistry၊ ပညာတန်ဆောင်)တို့၏ ဖခင်သည် ၈-၇-၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အေးအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်တင်တင်(ခ)အန်ရေဘွန် အသက်(၇၇)နှစ်

ဂရိတ်စတားတိုး

ရန်ကုန်မြို့၊ အမှတ်(၃၅)၊ ငါးလွှာ၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်နေ [ဦးတန်ချိုင်ချိုင်(ခ)တန်ထွာထောင်]၏ ဇနီး၊ ဦးကျော်လွင်-ဒေါ်နီလာ၊ ဒေါ်မြင့်မြင့်မော်၊ ဦးရဲလွင်-ဒေါ်တင်တင်နှင်း၊ ဦးစံလွင်-ဒေါ်မာလာတို့၏ မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးမြတင်(ခ)ဦးမြဒင် အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ (ဦးအုန်းတင်-ဒေါ်ငွေခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း(၈)လမ်းမြောက်နေ ဒေါ်စန်းရီ(ခ) ဒေါ်စန်း၏ခင်ပွန်း၊ (ဦးမြသီး)-ဒေါ်မာမာချို(စိန်သံမဏိ)၊ ဦးအေးမင်း-ဒေါ်သီသီအေး၊ ဒေါက်တာ ကျော်လင်း(မ/ဥက္ကလာပဆေးရုံကြီး)-ဒေါ်ရီရီငွေးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် အာရှတော်ဝင်ဆေးခန်း၌ ၇-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မညို(ခ)အေးအေးသန့် အသက်(၄၅)နှစ်

ကုန်စိမ်းပွဲရုံ၊ (ပြည်)

သဲကုန်းမြို့နယ်၊ ဆင်မီးဆွဲမြို့၊ အုတ်ဖိုးစုရပ်နေ (ဦးတင်ငွေ)-ဒေါ်လှကြည်တို့၏ သမီး၊ ကိုလှဝင်း-မရီမြင့်တို့၏ ညီမ၊ အမှတ်(၁၀၆၂)၊ ဘုရားနီလမ်းရှည်၊ ပြည်မြို့နေ ကိုအီးထောင်(ခ)ကိုမောင်မြင့်၏ ဇနီး၊ မောင်ထွန်းနိုင်ဦး-မငွေးငွေးမော်၊ မမေဇင်သက်၊ မခင်မျိုးခိုင်၊ (၉၃၅)၊ အင်း၀(၇)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တို့၏ မွေးသမိခင်၊ မြေး နှစ်ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊ နှလုံးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးဒေါ်နန် အသက်(၈၆)နှစ်

(တောင်ကြီး)

တောင်ကြီးမြို့၊ အမှတ်(၁၃၇/ဂ)၊ နေလလမ်းသွယ်၊ ရေအေးကွင်းရပ်နေ (ဆရာကြီးဦးလဆမ်-ဆရာမဒေါ်အမ်ဆိုင်)တို့၏ ဒုတိယသမီး၊ (ဦးဂမ်အောင်)၏ ချစ်လှစွာသောဇနီး၊ (ဦးတန်ဘောင်ဂမ်)-ဒေါ်မာဆိုင်၊ (ဦးဂျန်မော်တူး)-ဒေါ်မာထွယ်၊ ဒေါက်တာဆယ်မြူရယ်လင်း - ဒေါက်တာစောနန္ဒာအောင်(ခေတ္တ-ဟောင်ကောင်)၊ ဦးဒေးဗစ်လင်း-ဒေါ်နန်းရွှေကြည်၊ ဒေါ်ခေါ်နန်ရာ၊ ဒေါက်တာလနူး - ဒေါ်မော်လီ(ခေတ္တ-U.S.A)၊ ဒေါက်တာတူးလွမ်-ဒေါ်ဒိုင်ယာနာ၊ ဒေါ်လှဆိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ တူ၊ တူမ ၂၆ယောက်တို့၏ အဒေါ်၊ မြေး ၂၄ယောက်၊ မြစ် ၁၇ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂-၇-၂၀၀၃(စနေနေ့)နံနက် ၁၁နာရီတွင်တရုတ်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ဝတ်ပြုကိုးကွယ်ပြီး တောင်ကြီးမြို့၊ ဟိုပုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(တရုတ်နှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောက် (၈၁)နှစ်

(ဖားကူး)

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ် (ဦးဘသိန်း-ဒေါ်အုံးမေ)တို့၏ သား၊ဒေါ်ညွန့်ရီ၏ မောင်၊ ဦးကြည်၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးထွန်းစိန်(ရေ)-ဒေါ်ခင်သန္တာတို့၏ဦးလေး၊ မြေး သုံးယောက်တို့၏ အဘိုးလေးသည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးခင်မောင်ကြီး(ခ)ဦးခင်ကြီး အသက်(၇၇)နှစ်

ဒုအထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်
(မော်လမြိုင်)

ရန်ကုန်တိုင်း၊ အမှတ်(၅၃)၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်တင်-ဒေါ်ငွေပွင့်)တို့၏ သား၊ (ဦးစောဖေ-ဒေါ်စမ်းတင်)တို့၏ သားသမက်၊ (ဒေါ်ခင်တင့်တင့်)၏ ခင်ပွန်း၊ (ဦးသိန်းမြင့်)-ဒေါ်ရီမြိုင်၊ ဒေါ်အေးအေးသစ်၊ ဦးစိုးဝင်း(ငြိမ်း၊ MFTB)၊ ဒေါ်မာမာဆွေတို့၏ အစ်ကို၊ ဦးမင်းသိုက်-ရှားလော့၊ ဦးစိုးသိုက်၊ ဦးအေးသိုက်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သိုက်-ဒေါ်မိုးနှင်းဖြူ၊ ဒေါ်သဇင်သိုက်(MFTB)၊ ဒေါ်မိုးမသိုက်-ဦးစိုင်းလေးမြင့်တို့၏ ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၀-၇-၂၀၀၃ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရွှတီ (၇၅)နှစ်

(တောင်ကြီး)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၀၁)၊ ရွှေတောင်တန်းလမ်းနေ ဦးလေးရာ၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း-ဦးကြည်ကင်၊ ဦးစိန်မြင့်-ဒေါ်ခင်ခင်ထွေး၊(ဦးမြင့်ဦး)-ဒေါ်ဝင်းကြည်၊ ဒေါ်သွယ်သွယ်ဝင်း-ဦးအောင်ကောင်းစိန်၊ ဒေါ်စုစုဝင်း-ဦးကျင်စိုး၊ ဒေါ်သန္တာဝင်း-ဦးထွန်းလှ၊ ဒေါ်သဇင်ဝင်း-ဦးအောင်ကျော်မြင့်တို့၏ မိခင်၊ မြေး၂၀ယောက်တို့၏အဘွားသည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃(စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ချိုချိုမြင့် (၅၉)နှစ်

နှင်းရွှေရည်ရွှေဆိုင်၊ (နန္ဒဝန်ဈေး)

ရန်ကုန်မြို့၊ အမှတ်(၉၀၃)၊ ဗြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်ဆန်း-ဒေါ်ဒေါင်းရွှေ)တို့၏ သမီး၊ (ဦးကျော်ရင်-ဒေါ်မေမေ)တို့၏ ချွေးမ၊ ဗိုလ်မှူးလှရင်(ငြိမ်း)-ဒေါ်ခင်စု(ဆန်းဝင်းရွှေဆိုင်)၊ဦးအောင်ကျော်-ဒေါ်ကြင်အေး(ခေတ္တ-USA)၊ဦးလှရွှေ(ခ)ဦးကူးပေါင်း-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးဝင်းတင်(ခေတ္တ-ဂျပန်)-ဒေါ်ကြင်လှ(ရွှေစံအိမ်ရွှေဆိုင်)၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်တို့၏ အစ်မ၊ (ဦးဥက္ကာစိုး၊ ဒု/မန်နေဂျာ၊ သစ်ထုတ်လုပ်ရေးဌာန၊ ပဲခူး)၏ ဇနီး၊ (စဝ်ရန်ကြီးအောင်)-မနှင်းမာလာစိုး၊ မောင်ရန်နိုင်စိုး(တ/နှစ်၊ သချ်ာ)-မဇင်မာနွယ်တို့၏ မိခင်၊ မောင်ဝေယံမင်းသန့်(YTTC)၊မဖြူသန့်ခိုင်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်စု အသက်(၉၀)

(အောင်လံ၊ကျုံမငေး)

ကျုံမငေးမြို့နေ (ဦးထွန်းပိုင်-ဒေါ်အိမ်မြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၂၂၈)နေ ဦးမောင်ဟန်၏ ဇနီး၊ အရှင်နန္ဒသိရိ(ပဲရစ်မြို့၊ ပြင်သစ်နိုင်ငံ)၊ အရှင်ဉာဏ်နိ(ငါးထပ်ကြီး စာသင်တိုက်)တို့၏ ရဟန်းဒါယိကာမကြီး၊ တောင်ဥက္ကလာပမြို့နေ(ဦးပြုံး)-ဒေါ်ဖွားခင်(သဘာဝမနုဿ ဟင်းခါးလုပ်ငန်း)တို့၏ ကျေးဇူးရှင် ဒေါ်လေး ဒေါ်စုသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်စောကြွေ (၈၈)နှစ်

(ဖောင်တော်သီ)

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့နေ (ဦးစနော-ဒေါ်ဖွားအို)တို့၏ သမီး၊ ဦးတင်ဦး-(ဒေါ်တင်လှ)၊ ဦးမြင့်သိန်း(Asia World)-ဒေါ်လှမြင့်၊ ဦးမြင့်ကြည်(တိမ်မွေးကျ၊ မြစ်ကြီးနား)-ဒေါ်ထွေးထွေးကြူ၊ (ဦးတင်မြင့်)၊ ဦးမောင်ပြုံး-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသန်းအောင်)-ဒေါ်မြင့်မြင့်စိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ယောက်တို့၏ ဘွားဘွားကြီး ဦးစိန်မောင်၏ ဇနီးသည် ၉-၇-၂၀၀၃ ရက်တွင် အမှတ်(၃၉၁)၊ (၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ မြောက်ဒဂုံမြို့သစ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် ညနေ ၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးအောင်မြင့် (၇၆)နှစ်

(သူရဲကောင်းမှတ်တမ်းဝင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မွှောရုံလမ်း၊ အမှတ်(၅၆)နေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏ သားကြီး၊ ဗိုလ်ကြီးထွန်းထွန်းလတ်-ဒေါ်ခင်ယုမြေ၊ ဗိုလ်ကြီးမင်းမင်းလတ်-ဒေါ်မြင့်မြင့်ချို(အင်ဂျင်နီယာဌာန-ထားဝယ်ကောလိပ်)၊ မအိအိဟန်(စီးပွားရေးတက္ကသိုလ်၊ မုံရွာမြို့)၊ မောင်ဇော်ဦး (MIRACO MARINE)၊ မဇင်မာဟန်(IM.1)၊ မပိုပိုကျော်(UFL)၊ မောင်မြင့်မောင်မောင်၊ မောင်ဘိုဘိုလတ်၊ မတင်နှင်းယုနှင့်မစုစုလတ်တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၀-၇-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးမြစ်တစ်စု။

ဒေါ်ခင်သစ်(၇၂)နှစ်

(တွံတေး)

ရန်ကုန်တိုင်း၊ တွံတေးမြို့၊ ဇီးဖြူကုန်းကျေးရွာနေ (ဦးမောင်မှိန်-ဒေါ်လေးတင်)တို့၏ သမီး၊ (ဦးကျော်သောင်း)-ဒေါ်ခင်သန်း၊ (ဦးမောင်ကိုး)-ဒေါ်ခင်မြင့်တို့၏ ညီမ၊ (ဦးမြင့်ကြိုင်)၏ ဇနီး၊ ကိုခင်မောင်ချို(ခေတ္တ-မလေးရှား)-မသန်းသန်းကြည်၊ ကိုတင်မောင်ချို-မညိုညို၊ ကိုမောင်မောင်လွင်(ကပစ-၃)-မနီနီချို၊ ကိုဇော်မင်း(ခေတ္တ-မလေးရှား)-မတင်တင်ဝေ၊ ကိုမြင့်နိုင်-မတင်တင်ချို(စီမံကိန်းရေးဆွဲရေး)တို့၏ မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ၁/အနော်မာဖြူ ပတ်လမ်း၊ သာကေတမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်းဒါယကာကြီး

ဦးစိန်လွင်(၆၉)နှစ်

ကုန်သွယ်ရေး(အငြိမ်းစား)
(မင်းရွာ)

ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးကျော်ရင်-ဒေါ်ငွေးမြင့်)တို့၏သားကြီး၊ (ဦးအောင်ဖိုးရင်-ဒေါ်ခင်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းရင်၏ ခင်ပွန်း၊ ဦးဝိစိတ္တ-(ဒေါ်မြင့်သိန်း)၊ ဦးမောင်အေး - ဒေါ်ဝင်းရွှီ တို့၏ အစ်ကို၊ ကိုလှမောင်ထွန်း-မဌွယ်နီဦး၊ မောင်မြတ်စိုး-မလွင်လွင်မော်၊ မောင်ထွန်း-မခင်သန်းလှိုင်တို့၏ ဖခင်၊ ကျော်သူရ၊ ထယ်ကျော်၊ သူရအောင်မင်းတို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်မြ (၇၂)နှစ်

MARRIE
အငြိမ်းစား (UNICEF)

ယစ်မျိုးဝန်ထောက်ကြီး(ဦးမောင်မောင်တင်-ဒေါ်မြသီ၊ ဒေါ်စုစုတင်)တို့၏ သမီးကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၁၃၇)နေ ဦးတင်အောင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးသိန်းမြင့်(ပြည်တွင်းအခွန်)-ဒေါ်နွယ်နွယ်ဝင်း(ပြည်တွင်းအခွန်)၊ (ဦးတင်စိုး)-ဒေါ်သက်သက်တင်(စည်ပင်၊ သာကေတ)၊ ဦးမျိုးအောင်၊ (ဦးဝင်းအောင် SAE ဆောက်လုပ်ရေး)-ဒေါ်သီတာသိမ်း၊ ဦးအေးဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဦးစိုးမြင့်အောင်(Asia Express) - ဒေါ်ခိုင်ကျော့လင်း၊ဒေါ်လှလှခိုင်(လ/ထကထိက၊ ပထဝီဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ဇေယျ၊ ဒေါ်စပယ်အောင် (ပြည်တွင်းအခွန်)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက် မွန်းလွဲ၁း၃၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက် ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရင် (၆၉)နှစ်

(အမက-၁၄၊ တာမွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ အမှတ်(၇၈)နေ (ဦးဘရင်-ဒေါ်သိန်းနွယ်)တို့၏ သမီး၊ ဦးသိန်းရွှေ(ဒုရဲမှူး၊ ငြိမ်း)၏ဇနီး၊ (ဦးကျော်စိန်)-ဒေါ်ခင်ညွန့်တို့၏ ညီမ၊ (ဦးဝင်းမောင်-ဒေါ်မြင့်မြင့်၊ ဗလကြေးပြားလုပ်ငန်း)၊ (ဦးကျော်ဇော)-ဒေါ်သီတာအောင်၊ (ဦးဝင်းကျော်)တို့၏ အစ်မ၊ တူ၊ တူမ ၁၅ယောက်၊ မြေး၁၁ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၃(ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကန်တော်ကလေးထီးတန်းမွေ့ရာရုံအသင်းကြီး

ဦးအောင်မြင့်(၇၇)နှစ်

အသင်းကြီး၏ဦးဆောင်နာယကအဖွဲ့ဝင် ဦးအောင်မြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့)ညနေ ၃နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ မွန်းလွဲ ၂နာရီတွင် အသင်းမွေ့ရာရုံကြီးမှ အသင်းသားများ စုပေါင်းပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်မြ (၇၂)နှစ်

(MARRIE)
အငြိမ်းစား (UNICEF)

ယစ်မျိုးဝန်ထောက်ကြီး (ဦးမောင်မောင်တင်-ဒေါ်မြသီ၊ ဒေါ်စုစုတင်)တို့၏သမီးကြီး၊ ဗိုလ်မှူးကြီးတင်မောင်အေး(တပ်မတော်ဆေးရုံကြီး၊ ငြိမ်း)-ဒေါ်မေအေးမြင့်(ခေတ္တ-Bangkok)၊ (ဗိုလ်တင်မောင် ထွေး၊တပ်မတော်-လေ)ဦးသုရဉ်(နို့ချက်စက်ရုံမန္တလေး)-ဒေါ်ချိုချိုတင်၊ ဒုရဲမှူးဒေါ်ရီရီတင်(စည်ပင်သာယာရဲတပ်ဖွဲ့)တို့၏ချစ်လှစွာသော အစ်မကြီး ဒေါ်တင်တင်မြသည်၉-၇-၂၀၀၃ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ။

ဦးသိန်းအောင် (၆၅)နှစ်

ပန်းဘဲတန်း (ဥက္ကံ)

ဥက္ကံမြို့၊ ဂေါ်ကျေးရွာနေ ဦးမောင်ပု-ဒေါ်လှစိန်တို့၏သား၊ ဦးညွန့်၊ ဒေါ်သန်းမေတို့၏မောင်၊ ဦးစိန်ဝင်း-ဒေါ်တင်အေး၊ ဦးသိန်းထွန်း-ဒေါ်ရင်အေးတို့၏ အစ်ကို၊ ဒေါ်တင်လှ၊ ဒေါ်စန်းစန်းအုန်းတို့၏ ခင်ပွန်း၊ ဦးရဲထွဋ်(လ/ထကြီးမှူး၊ စည်ပင်/ယာဉ်)-ဒေါ်သီတာဦး၊ (တော်မီလှကျော်)-ဒေါ်မာလာဦး၊ ဦးတင်မောင်ကို(စည်ပင်/ဈေးဌာန)တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ

ဒေါ်အေးအေးသန်း အသက်(၄၅)နှစ်

စန်းပလတ်စတစ်လုပ်ငန်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၄၈)၊ (၁၆၆)လမ်းနေ ဦးတင်လှိုင်-ဒေါ်အုံးကြည်(၃၃၃/ပလတ်စတစ်)၏သမီးကြီး၊ ဦးဝမ်စိန်-ဒေါ်ကျင်ယုံ(ကျုံခေါ်)တို့၏ ချွေးမ၊ ဦးစန်းလှိုင်၏ ဇနီး၊ မနုနယ်ဉ်၊ ကိုသန့်ဇင် - မမြင့်မြင့်စန်း(ငွေသဇင်ပလတ်စတစ်)၊ မအေးအေးမြင့်(၃၃၃-ပလတ်စတစ်)၊ ကိုသိုက်ဝင်း-မဆွေမြတ်ဝင်း (သမ္မာဆန္ဒပလတ်စတစ်)၊ ကိုမျိုးညွှန့်-မနန်းတင်တင်ဆွေ(ဦးရွှေရိုးအိတ်ပါး)တို့၏ အစ်မ၊ မသင်းသင်းလှိုင်၊ မောင်အောင်မိုးသူတို့၏ မွေးသမိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်ကြီးသည် ၉-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းတန် (၇၉)နှစ်

ဆက်သွယ်ရေး (ငြိမ်း)

ပြင်ဦးလွင်မြို့နေ (ဦးမြ-ဒေါ်ငွေစိန်)တို့၏ သား၊ မန္တလေးမြို့နေ ဦးစိန်လှမောင်-ဒေါ်တင်တင်၊ (ဦးကျော်မွေး)-ဒေါ်သောင်း၊ ဦးကျော်အေး၊ ဦးကျော်ငွေးတို့၏အစ်ကို၊ ပြင်ဦးလွင်မြို့နေ (ဦးလှသိန်းမောင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သစ်လုပ်ငန်းအရာရှိနေအိမ်နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ ဦးမျိုးမြတ်(ညွှန်ကြားရေးမှူး၊ စီမံ/စာရင်း၊ သစ်တောရေးရာ)-ဒေါ်နုနုမြတ်၊ ဦးဝင်းချို-ဒေါ်ယုယုသိန်း၊ ဦးတင်ဝင်း(သုခဆောက်လုပ်ရေး)-ဒေါ်ယိုယိုသိန်းတန်၊ ဦးအောင်သိန်းတန်(လဝက၊ တောင်ကြီး)-ဒေါ်သက်မာမိုး၊ ဒေါ်ဝေဝေသိန်းတန်(ဆသရ)တို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးလှမြင့် (၆၆)နှစ်

ကုန်သွယ်/လယ်ယာ(ငြိမ်း)
(ကျိုက်လတ်)

(ဦးမောင်မောင်-ဒေါ်ခင်တင့်)တို့၏ သား၊ (ဦးသိန်းဟန်-ဒေါ်ကျင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အမှတ်(၅၁)၊ မင်းရဲကျော်စွာ၊ (၁၄)လမ်း၊ လှိုင်သာယာမြို့နယ်နေ (ဒေါ်ယဉ်ယဉ်စု)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှကြည်-ဒေါ်သိန်းမြင့်တို့၏ အစ်ကို၊ ဦးမြင့်ဦး-ဒေါ်သီတာအေး၊ ဦးကြည်တိုး-ဒေါ်မြင့်မြင့်သိန်း၊ ကိုကြည်စိုး၊ ကိုဗိုလ်ဗိုလ်မင်း-မအင်ကြင်းငြိမ်းဝင်းတို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၉-၇-၂၀၀၃ ရက်တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ အမှတ်(၅၁) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးဖုန်းမြင့် (၅၃)နှစ်

ပဲခူးတိုင်း၊သနပ်ပင်မြို့၊ ဘုရားကြီးပိုင်(၈)လမ်းနေ (ဦးကျော်ရင်)-ဒေါ်တင်လှတို့၏ သား၊ ဒေါ်စောမြင့်၏ ခင်ပွန်း၊ မောင်မြင့်ဇော်ဦး၊ မောင်ထူးထူးကျော်၊ မဝင်းဝင်းငွေး၊ မခင်ခင်ငွေး၊ မသင်းသင်းထွေးတို့၏ဖခင်ကြီး၊ (ဦးသန်းမြင့်)-ဒေါ်တင်အေးတို့၏ ညီ/မောင်၊ ဦးငွေဝင်း-ဒေါ်စန်း၊ ဦးအောင်မြင့်-ဒေါ်စိန်စန်းငွေး၊ ဦးဟန်တင့်-ဒေါ်စိန်အေး၊ ဦးလှနိုင်-ဒေါ်သန်းငွေး၊ ဦးမင်းသိန်း-မစန်းစန်းဝင်း၊ ဦးအောင်ကျော်(တကက) ကယားပြည်နယ်တို့၏ အစ်ကိုကြီး၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကျားခေါင်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီစာရေးကြီး ဦးဖုန်းမြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့)နံနက် ၁၁း၃၀နာရီတွင် ဦးဟန်တင့်-ဒေါ်စိန်အေး၊ အမှတ်(၃၇၃)၊ နီလာ(၁)လမ်း၊ ၈ရပ်ကွက်၊ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသော ယောနယ်ဒေသ၏ မြို့တော်ဂန့်ဂေါ

ကွင်းဆင်းလေ့လာရေးသားသူ – ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်းတင် – ရေချမ်းမြင့်

ရန်ကုန် ဇူလိုင် ၁၀

ကြေးမုံသတင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇွန် ၁၈ ရက်က ယောဒေသ မြို့တော် ဂန့်ဂေါသို့ ခရီးတစ်ခေါက် ရောက်ခဲ့သည်။

ဂန့်ဂေါသည် မကွေးတိုင်း၌ပါဝင်သော ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဂန့်ဂေါ ခရိုင်အတွင်း ဂန့်ဂေါ၊ ထီးလင်းနှင့်ဆောမြို့တို့ပါဝင်ပြီး ၂၁၅၃ ဒသမ ၉၅၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ အရှေ့အနောက် ၅၅ မိုင်နှင့် တောင်မြောက် ၁၇၃ မိုင်ရှိပြီး ခရိုင်မြို့ဂန့်ဂေါ၏ မြေမျက်နှာပြင် အမြင့်ဆုံးနေရာမှာ ၃၅၇၆ ပေမြင့်သည်။

ပုံညာတောင်နှင့် ဂန့်ဂေါမြို့သည် ၃၅မိုင်ခန့်သာဝေးသည်။ သို့သော် ထိုဒေသသည် ယခင်က သွားလာရေးအတွက် လမ်းပန်းက မသာယာခဲ့ပေ။ အမြင်နီးသော်လည်း ခရီးကဝေးခဲ့ရသောအရပ်ဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆

သာသနာ့ဗိမာန်တော်ကြီး

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် စုပေါင်းတည်ဆောက်ခဲ့သော သာသနာ့ဗိမာန်တော်ကြီး ပြီးစီးနေသည်ကို ဇွန် ၁၈ရက်က ကြေးမုံသတင်းအဖွဲ့ ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

ကရင်ပြည်နယ်နှင့် အချို့နယ်မြေဒေသများ သောင်းကျန်းမှုများရှိနေပြီး လုံခြုံရေးအပြည့်အဝမရှိသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်မပေးနိုင်သည်များရှိနေရာနှင့်ပြည့် အဖြူရောင်နယ်မြေဖြစ်ပေါ်ရေး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူလုပ်ကိုင်

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဒုံသမိတံတားသို့ ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ငွေသိန်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။ စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ ဘားအံမြို့နယ် ဒုံသမိချောင်းတံတားပတ်ဝန်းကျင်၌ ပုစွန်မွေးမြူရန် ပြင်ဆင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၂၂၄၁၂၆